


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်းကောက်နုတ်ချက်

## (၂၀၂၄ ခုနှစ်၊ ၂၁ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ)

အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ချမှတ်ထားတဲ့ ရည်မှန်းချက်တွေနဲ့ ဦးတည်ချက်တွေ အောင်မြင်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများ အနေနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းတွေမှာ မိမိတို့ကျရာ ကဏ္ဍကနေ တိတိကျကျ ကြပ်ကြပ်မတ်မတ် ပါဝင်ဆောင်ရွက်ကြဖို့လိုပါတယ်။ ဒါ့အပြင် ပြည်သူ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများနဲ့ အများပြည်သူ အားလုံးတို့ကလည်း တက်ကြွစွာ ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ကြမှသာ အဂတိလိုက်စားမှုတွေ လျော့နည်း ပပျောက်အောင် ထိထိရောက်ရောက်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | နိဒါန်း | |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်း | ၁ |
| ၃ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေး အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက် | ၈ |
| | **အခန်း(၁)** | |
| | **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအစီအစဉ်များ ချမှတ်ခြင်း** | |
| ၄ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်းခြင်း | ၁၇ |
| ၅ | လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း | ၁၉ |
| ၆ | အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်(၂၀၂၂-၂၀၂၅)<br>❖ မဟာဗျူဟာ ရည်မှန်းချက်များ<br>❖ မဟာဗျူဟာစီမံချက် အကောင်အထည်ဖော်ဆောင်မှု | <br>၂၀<br>၂၁ |
| ၇ | ၂၀၂၄ ခုနှစ် လုပ်ငန်းအစီအစဉ် | ၃၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အခန်း(၂)** | |
| | **အသိပညာပေးခြင်း** | |
| ၈ | ပြည်ထောင်စုဝန်ကြီးဌာနများနှင့် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်များတွင် ဆွေးနွေးဟောပြောခြင်း | ၃၃ |
| ၉ | ဆရာ/ဆရာမများ မွမ်းမံသင်တန်းများတွင် အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း | ၃၉ |
| ၁၀ | ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်များ | |
| | ❖ ပြည်ထောင်စုဝန်ကြီးဌာန ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ တက္ကသိုလ်၊ ကောလိပ်များတွင် လူငယ်အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း | ၄၅ |
| | ❖ အခြေခံပညာကျောင်းများတွင် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး Edutainment အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ၄၆ |
| ၁၁ | လူငယ်စကားဝိုင်းများ ကျင်းပပြုလုပ်ခြင်း | ၅၅ |
| ၁၂ | မီဒီယာများတွင် အသိပညာပေး ဖော်ပြမှုများ | |
| | ❖ နိုင်ငံပိုင်သတင်းစာများတွင် ဆောင်းပါးများ ရေးသားဖော်ပြခြင်း | ၅၈ |
| | ❖ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ရုပ်ပြသရုပ်ဖော် တေးသီချင်းနှင့် ဇာတ်လမ်းတိုများ ရိုက်ကူးထုတ်လွှင့်ခြင်း | ၅၈ |
| | ❖ သတင်းထုတ်ပြန်ခြင်း | ၆၀ |
| ၁၃ | အာဆီယံဒေသတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ရုပ်ရှင်ပွဲတော်တွင် ပါဝင်ပြသခြင်း | ၆၁ |
| ၁၄ | အသိပညာပေး ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်း | ၆၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅ | အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း | |
| | ❖ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း | ၆၄ |
| | ❖ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင် အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း | ၆၈ |
| | ❖ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်နှင့် ပူးပေါင်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း | ၇၀ |
| ၁၆ | အသိပညာပေးပြခန်းနှင့် အသိပညာပေး စာစောင်များ ဖြန့်ဝေမှု | |
| | ❖ အသိပညာပေး ပြခန်း | ၇၂ |
| | ❖ ဥပဒေ၊ ရည်ညွှန်းစာစောင်များ၊ လက်ကမ်းစာစောင်များ ပြုစု ဖြန့်ဝေမှု | ၇၃ |
| **အခန်း(၃)** | | |
| **တားဆီးကာကွယ်ခြင်း** | | |
| ၁၇ | အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်မှု | ၇၅ |
| ၁၈ | အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း | ၇၆ |
| ၁၉ | အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များနှင့် တွေ့ဆုံ ဆွေးနွေးခြင်း | ၇၇ |
| ၂၀ | အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုဆန်းစစ်လေ့လာခြင်း နည်းပညာ ဆိုင်ရာ သင်တန်းပို့ချခြင်း | ၈၀ |
| ၂၁ | အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ အကောင် အထည်ဖော်ဆောင်ရွက်မှု | ၈၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂ | အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် (Public Feedback Programme-PFP) အသုံးပြု ဆောင်ရွက်မှု | ၉၀ |
| ၂၃ | PFP Web Portal အသုံးပြုနည်း သင်တန်းပို့ချခြင်း | ၉၃ |
| | **အခန်း(၄)** | |
| | **စုံစမ်းစစ်ဆေးခြင်းနှင့်အရေးယူဆောင်ရွက်ခြင်း** | |
| ၂၄ | ဥပဒေမှုဘောင်ခိုင်မာရေး | ၉၉ |
| ၂၅ | တိုင်ကြားစာများ လက်ခံရရှိမှု | ၁၀၀ |
| ၂၆ | တိုင်ကြားစာများအပေါ် စီမံဆောင်ရွက်မှု | ၁၀၃ |
| ၂၇ | တိုင်ကြားစာများ လွှဲပြောင်းပေးပို့မှု | ၁၀၄ |
| ၂၈ | စုံစမ်းစစ်ဆေး တရားစွဲတင်ပို့မှုနှင့် လွှဲပြောင်းပေးပို့မှု | ၁၀၆ |
| ၂၉ | တိုင်ကြားသူများနှင့် လက်ခံတွေ့ဆုံဆွေးနွေးမှု | ၁၀၉ |
| ၃၀ | အဂတိလိုက်စားမှုကြောင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာ သိမ်းဆည်းနိုင်မှု၊ နိုင်ငံ့ဘဏ္ဍာ ပြန်လည်ပေးသွင်းနိုင်မှုနှင့် ကာကွယ်နိုင်မှု | ၁၁၀ |
| | **အခန်း(၅)** | |
| | **ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း** | |
| ၃၁ | အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနား ကျင်းပခြင်း | ၁၁၁ |
| ၃၂ | နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ | ၁၁၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၃ | အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်မှု | ၁၂၁ |
| ၃၄ | နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်း | ၁၂၃ |
| ၃၅ | စကားဝိုင်းဆွေးနွေးပွဲ ကျင်းပခြင်း | ၁၂၄ |
| ၃၆ | ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ | |
| | ❖ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် | ၁၂၇ |
| | ❖ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၂၄-၂၀၂၈) မူကြမ်း ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခြင်း | ၁၂၈ |
| ၃၇ | ဝန်ထမ်းအင်အား ဖွဲ့စည်းပုံ ပြင်ဆင်ဖွဲ့စည်းခြင်း | |
| | ❖ ဖွဲ့စည်းပုံအတွင်း ဝန်ထမ်းများ ခန့်ထားခြင်း | ၁၂၉ |
| ၃၈ | ဘွဲ့ထူး ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း | ၁၃၀ |
| ၃၉ | ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ခြင်း | |
| | ❖ ပြည်ပသင်တန်းများ တက်ရောက်ခြင်း | ၁၃၁ |
| | ❖ ပြည်တွင်းသင်တန်းများ တက်ရောက်ခြင်း | ၁၃၄ |
| | ❖ ဌာနတွင်းသင်တန်းများ ဖွင့်လှစ်ခြင်း | ၁၃၅ |
| | ❖ ဌာနတွင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း | ၁၃၉ |
| | ❖ အသိပညာပေး စကားဝိုင်းဆွေးနွေးပွဲ ကျင်းပခြင်း | ၁၄၀ |
| ၄၀ | ဘဏ္ဍာရန်ပုံငွေ ခွဲဝေရရှိခြင်းနှင့် သုံးစွဲခြင်း | |
| | ❖ ဘဏ္ဍာရန်ပုံငွေ ခွဲဝေရရှိမှု၊ သုံးစွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှု | ၁၄၁ |
| | ❖ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေ ခွဲဝေရရှိမှုနှင့် သုံးစွဲမှု | ၁၄၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အခန်း(၆)** | |
| | **၂၀၂၄ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်အကဲဖြတ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ် ချမှတ်ခြင်း** | |
| ၄၁ | ၂၀၂၄ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်အကဲဖြတ်ခြင်း | ၁၄၃ |
| | ❖ အသိပညာပေးခြင်းကဏ္ဍ | ၁၄၃ |
| | ❖ တားဆီးကာကွယ်ခြင်းကဏ္ဍ | ၁၄၄ |
| | ❖ နိုင်ငံတကာရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်တင်ပြချက်များ | ၁၅၀ |
| | ❖ စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းကဏ္ဍ | ၁၅၀ |
| ၄၂ | အဂတိလိုက်စားမှုဆိုင်ရာ ညွှန်းကိန်းများ အခြေအနေ | ၁၅၁ |
| ၄၃ | ၂၀၂၅ ခုနှစ် လုပ်ငန်းအစီအစဉ် | ၁၅၂ |
| ၄၄ | နိဂုံး | ၁၅၉ |

# နိဒါန်း

၁။ အဂတိလိုက်စားမှုသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အတားအဆီးဖြစ်စေခြင်း၊ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများတွင် အဟန့်အတားဖြစ်စေခြင်း၊ စီးပွားရေးလုပ်ငန်းများ၌ ကုန်ကျစရိတ်တိုးမြင့်စေခြင်း၊ အရင်းအမြစ်ခွဲဝေသုံးစွဲမှုတွင် မမှန်မကန်ဖြစ်စေခြင်း၊ ဆင်းရဲနွမ်းပါးမှုတိုးပွားစေခြင်း၊ အများပြည်သူ၏ ယုံကြည်မှုပျက်ယွင်းစေခြင်း၊ နိုင်ငံတော်၏ ပုံရိပ်ကျဆင်းစေခြင်း၊ နိုင်ငံ၏ စီးပွားရေးနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အဓိက အဟန့်အတားတစ်ခုဖြစ်ခြင်းစသည့် ဆိုးကျိုးများ ဖြစ်ပေါ်စေပါသည်။

၂။ နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ရန်အတွက် အစိုးရဌာန/ အဖွဲ့အစည်းများ၏ ရိုးသားဖြောင့်မတ်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ကြိုတင်ခန့်မှန်းနိုင်မှုမြင့်မားလာရေးသည် လွန်စွာအရေးကြီးသကဲ့သို့ စီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍသည်လည်း အရေးပါသော မောင်းနှင်အားတစ်ရပ် ဖြစ်ပါသည်။

၃။ သို့ဖြစ်၍ ကော်မရှင်သည် နိုင်ငံအတွင်း ဖြစ်ပွားနေသော အဂတိလိုက်စားမှုများကို အောင်မြင်စွာ တိုက်ဖျက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းနှင့် အသိပညာပေးခြင်း၊ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း၊ အဂတိလိုက်စားမှုကျူးလွန်သူများကို ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးအရေးယူခြင်း၊ အဂတိလိုက်စားမှုကြောင့် ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ နိုင်ငံ့ဘဏ္ဍာပြန်လည်ပေးသွင်းခြင်းနှင့် နိုင်ငံတော်ဘဏ္ဍာနစ်နာဆုံးရှုံးမှု မရှိစေရေးကာကွယ်ခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

❄ ❄ ❄ ❄ ❄ ❄ ❄

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် မိန့်ခွန်းပြောကြားခြင်း






# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း

**(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)**

ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းရဲ့ (၂၁) ကြိမ်မြောက် အခါသမယမှာ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကိုတက်ရောက်လာကြတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး ကျန်းမာချမ်းသာကြပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းနဲ့ တိုက်ဖျက်ခြင်းတွေမှာ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းရဲ့ အခန်းကဏ္ဍနဲ့စပ်လျဉ်းပြီး အသိပညာမြှင့်တင်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့အတွက် ဒီဇင်ဘာလ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် ၂၀၀၃ ခုနှစ်က စတင်သတ်မှတ်ခဲ့ပြီး ကမ္ဘာ့နိုင်ငံတွေမှာ အထိမ်းအမှတ်အခမ်းအနားတွေကို နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိပါတယ်။

ယခုနှစ် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းရဲ့ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ ဦးတည်ချက်ကတော့ **“ဖြောင့်မတ်တည်ကြည်သောအနာဂတ် ဖော်ဆောင်ဖို့၊ အဂတိတိုက်ဖျက်လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့ ( Uniting with Youth against Corruption: Shaping Tomorrow’s Integrity )”** ဖြစ်ပါတယ်။ ဒီဆောင်ပုဒ်ဟာ ကျွန်တော်တို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်က ၂၀၂၂ ခုနှစ်ကစတင် ဆောင်ရွက်နေတဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ လူငယ်အသိ ပညာပေးအစီအစဉ်နဲ့ စကားဝိုင်း ဆွေးနွေးပွဲတွေ၊ ပညာရေးနဲ့ ပူးပေါင်းဆောင်

ရှက်ချက်တွေရဲ့ ဦးတည်ရည်မှန်းချက်တွေနဲ့တူညီနေပြီး ကော်မရှင်အနေနဲ့ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိနေတဲ့ လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

**အဂတိလိုက်စားမှုဟာ လူ့ဘောင်လောကကို အရုပ်ဆိုး အကျည်းတန်စေပြီး ကောင်းမွန်တဲ့ လူမှုစီးပွားဘဝ ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေတဲ့ မကောင်းမှု ဒုစရိုက်တစ်ခုပဲ ဖြစ်ပါတယ်။ အဂတိလိုက်စားမှုတွေကြောင့် လူ့ဘောင်လောကမှာ တရားမျှတမှု ပျောက်ကွယ်ပြီး နိုင်ငံတော်နဲ့ အများပြည်သူကို ထိခိုက်စေပါတယ်။ ဒါ့အပြင် နိုင်ငံဖွံ့ဖြိုး တိုးတက်ရေး ရည်မှန်းချက် ပန်းတိုင်ကို ပျက်စီးစေရုံသာမက တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းမှုကိုလည်း ထိခိုက်စေနိုင်တယ်လို့ ကမ္ဘာတစ်ဝန်းက မှတ်ယူကြပါတယ်။ လက်တွေ့မှာလည်း ဒီအယူအဆဟာ မှန်ကန်နေတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။**

အဂတိလိုက်စားမှု ပြဿနာဟာ မိမိတို့နိုင်ငံမှာသာမက ကမ္ဘာတစ်ဝန်း ပျံ့နှံ့နေတဲ့ ရောဂါဆိုးတစ်ခု ဖြစ်နေပါတယ်။ နိုင်ငံအားလုံး ဖွံ့ဖြိုးပြီးနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာပါ အစိုးရပိုင်း တွေသာမက ပုဂ္ဂလိကပိုင်းနဲ့ အမြတ်အစွန်းမဟုတ်တဲ့ ကုသိုလ်ဖြစ် လူူဒါန်းရေး အဖွဲ့အချို့ တွေမှာပါ ကာလရှည်ကြာစွာနဲ့ သိမ်မွေ့နက်နဲစွာ အမြစ်တွယ်လာနေတဲ့ ပြဿနာတစ်ခု ဖြစ်ပါတယ်။

အဂတိလိုက်စားမှုဆိုတာကို သာမန်အားဖြင့် လာဘ်ပေး လာဘ်ယူမှုလောက်သာ ထင်မှတ်ကြပေမယ့်လည်း တကယ်တော့ လူ့ဘောင်လောကမှာ ကျယ်ပြန့်နက်ရှိုင်းတဲ့ မကောင်းမှုကြီး ဖြစ်နေပါတယ်။ ခြိမ်းခြောက်ငွေညှစ်တာ၊ လိမ်လည်တာ၊ နိုင်ငံတော် ဘဏ္ဍာနဲ့ ပစ္စည်းတွေကိုအလွဲသုံးစားလုပ်တာ၊ ပြည်သူပိုင်ပစ္စည်း ငွေကြေးတွေကို ကိုယ်ကျိုး အတွက် မသင့်မလျော်သုံးစွဲတာ၊ မလျော်သြဇာသုံးပြီး ကိုယ်ကျိုးအတွက်ကို ရယူတာစတာ တွေဟာ အဂတိလိုက်စားမှုတွေပဲ ဖြစ်ပါတယ်။ အဂတိလိုက်စားမှုကြောင့် ရာဇဝတ်မှုတွေ ကျူးလွန်ခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုတွေကို အားပေးခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေခြင်း၊ တရားဥပဒေစိုးမိုးရေးနဲ့ ဒီမိုကရေစီစနစ်ကို ထိခိုက်စေခြင်းစတဲ့ ကမ္ဘာလုံး ဆိုင်ရာ ပြဿနာကြီးတစ်ခု၊ ရောဂါဆိုးကြီးတစ်ခု ဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံတော်အတွက် အရေးကြီးတဲ့ အခန်းကဏ္ဍများ ဖြစ်တဲ့ အဂတိလိုက်စားမှုလျော့နည်းကျဆင်းလာစေရေး၊ အဂတိကင်းစင်တဲ့ လူ့အဖွဲ့အစည်း

ဖြစ်စေရေးနဲ့ အများပြည်သူတို့ရဲ့ အကျိုးစီးပွားကို ကာကွယ်ပေးရေးတို့အတွက် နိုင်ငံရေး စိတ်စေတနာ အရင်းခံနဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့အတူ ရည်မှန်းချက်၊ ဦးတည်ချက်များ ချမှတ်ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ကြိုးပမ်းအကောင် အထည်ဖော်ဆောင်ရွက် လျက်ရှိပါတယ်။

အဲဒီလို **အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ချမှတ်ထားတဲ့ ရည်မှန်းချက်တွေနဲ့ ဦးတည်ချက်တွေ အောင်မြင်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများ အနေနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းတွေမှာ မိမိတို့ကျရာ ကဏ္ဍကနေ တိတိကျကျ ကြပ်ကြပ်မတ်မတ် ပါဝင်ဆောင်ရွက်ကြဖို့ လိုပါတယ်။ ဒါ့အပြင် ပြည်သူ့ ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများနဲ့ အများပြည်သူအားလုံး တို့ကလည်း တက်ကြွစွာ ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ကြမှသာ အဂတိလိုက်စားမှုတွေ လျော့နည်းပပျောက်အောင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။**

အဂတိလိုက်စားမှုကင်းစင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာစေရေးအတွက် အဂတိလိုက် စားမှုတွေကို ဖြစ်ပေါ်လာမှ စုံစမ်းစစ်ဆေး အရေးယူခြင်းထက် အဂတိလိုက်စားမှုတွေကို မဖြစ်ပွားအောင် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းတို့ကို ဆောင်ရွက်ခြင်းက အဓိကကျပြီး ပိုမိုထိရောက်စေမှာ ဖြစ်ပါတယ်။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းတွေ တိုးမြှင့်ဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တွေမှာ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit - CPU) တွေကို ဖွဲ့စည်းပြီး ပြည်သူတွေကို ဝန်ဆောင်မှု ပေးနေတဲ့ လုပ်ငန်းရပ်တွေနဲ့စပ်လျဉ်းပြီး အကြံဉာဏ်တွေရယူတဲ့ ပြည်သူ့ထံမှ တုံ့ပြန်မှု ရယူခြင်း အစီအစဉ် (Public Feedback Programme - PFP) ကို ဆောင်ရွက်နေတာ တွေ့ရှိရပါတယ်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး ဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲတွေနဲ့ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့တွေအတွက် နည်းပညာဆိုင်ရာသင်တန်းတွေ ဖွင့်လှစ်ပို့ချပေးလျက်ရှိတာမို့ ပြည်ထောင်စု ဝန်ကြီးဌာန/ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တွေအနေနဲ့ စိတ်ပါ ဝင်စားစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

ဒါ့အပြင် ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့နဲ့ ပူးပေါင်းပြီး မျိုးဆက်သစ်လူငယ်တွေကြားမှာ အဂတိလိုက်စားမှုကို မနှစ်သက်၊ ရှက်ရွံ့ဆန့်ကျင်တဲ့ စိတ်ဓာတ်တွေ ကိန်းအောင်းလာစေဖို့ ရည်ရွယ်ပြီး အခြေခံပညာကျောင်းတွေနဲ့ တက္ကသိုလ်တွေမှာ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေး Edutainment အစီအစဉ်တွေ၊ လူငယ်စကားဝိုင်းတွေကို အင်တိုက်အားတိုက် ဆက်တိုက်ဆောင်ရွက်နေတာကို ကျေနပ်အားရဖွယ် တွေ့ရှိရပါတယ်။ လူတွေမှာ ချစ်ခြင်း၊ မုန်းခြင်း၊ လောဘ၊ ဒေါသ၊ မောဟ၊ ဘယာစတဲ့ စိတ်အညစ်အကြေးတွေကြောင့် အဂတိကျူးလွန်လာကြတာ ဖြစ်ပါတယ်။ ဒါကြောင့် လူငယ်တွေ၊ ကျောင်းသား၊ ကျောင်းသူတွေကို ငယ်စဉ်အရွယ်ကစပြီး အဂတိကင်းရှင်းစေဖို့၊ စိတ်ထားဖြူစင်သန့်ရှင်းစေဖို့အတွက် လူ့ဂုဏ်သိက္ခာနဲ့ လူမှုကျင့်ဝတ်တွေကို သွန်သင်ပြသဆုံးမပေးကြဖို့ လိုအပ်ပါတယ်။

ကုလသမဂ္ဂရဲ့ အဆိုအရ အဂတိလိုက်စားမှုတွေကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ထရီလီယံခန့် ဆုံးရှုံးနေပြီး အဲဒီဆုံးရှုံးမှု ပမာဏဟာ ကမ္ဘာ့ GDP ရဲ့ ၅ ရာခိုင်နှုန်းကျော်နဲ့ ညီမျှမှုရှိနေတာကို တွေ့ရှိရပါတယ်။ ဒါ့ပြင် နှစ်စဉ်ကမ္ဘာ့နိုင်ငံတွေရဲ့ ပြည်သူ့ကျန်းမာရေးအတွက် အသုံးစရိတ်ဟာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ထရီလီယံရှိပေမယ့်လည်း အဂတိလိုက်စားမှုတွေကြောင့် အမေရိကန်ဒေါ်လာ ၅၀၀ ဘီလီယံခန့် လျော့နည်းပျောက်ဆုံးနေတာကြောင့် ပြည်သူတွေရဲ့ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနိမ့်ကျနေပြီး အကျိုးဆက်အနေနဲ့ နှစ်စဉ် ၅ နှစ်အောက်ကလေးငယ် တစ်သိန်းလေးသောင်းခန့်ပိုမိုသေဆုံးလျက်ရှိနေတာကို လေ့လာတွေ့ရှိရပါတယ်။

ဒါ့အပြင် **အဂတိလိုက်စားမှုနဲ့ ကြွယ်ဝချမ်းသာလာမှုကြောင့် ရရှိတဲ့ ငွေကြေးနဲ့ ပစ္စည်းတွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေမှာ အတိအကျ ထည့်သွင်း ပြဋ္ဌာန်းထားပါတယ်။ ဒါ့ကြောင့် အဂတိလိုက်စားမှုကျူးလွန်သူတွေကို တရားစွဲဆို အရေးယူရုံသာမက အဂတိလိုက်စားမှုကြောင့် ကြွယ်ဝချမ်းသာလာတဲ့ ငွေကြေးနဲ့ ပစ္စည်းတွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းကို ဥပဒေနဲ့အညီ တိတိကျကျ ထိရောက်အောင် ဆောင်ရွက်ကြဖို့ လိုအပ်ကြောင်း** အသိပေးမှာကြားလိုပါတယ်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေနဲ့ စုံစမ်းစစ်ဆေးတရားစွဲတင် ဆောင်ရွက်ခဲ့တဲ့ အမှုတွေကနေ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်မှုနဲ့ နိုင်ငံ့ဘဏ္ဍာသို့ ပြန်လည်ပေးသွင်းနိုင်တာ တွေ့ရပါတယ်။ ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအထိ မြန်မာငွေကျပ် ၂၇ ဒသမ ၃၃ ဘီလီယံကျော်၊ အမေရိကန်ဒေါ်လာ ၄ သန်းကျော် နိုင်ငံ့ ဘဏ္ဍာသို့ပေးသွင်းနိုင်ပြီး နိုင်ငံတော်ဘဏ္ဍာ ဆုံးရှုံးမှုမရှိစေရေး ကာကွယ်နိုင်မှုအနေနဲ့ မြန်မာ ငွေကျပ် ၁၅၆ ဘီလီယံကျော်နဲ့ ယူရိုငွေ ၃ သန်းကျော်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ပိုမို ထိရောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

**အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းစေရေး ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ခက်မ(၃) ဖြာဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍတွေကို ဂုဏ်သိက္ခာရှိရှိနဲ့ အောင်မြင်စွာဆောင်ရွက်နိုင်ဖို့အတွက် အရည်အချင်းပြည့်မီပြီး ဖြောင့်မတ်တည်ကြည်မှုရှိတဲ့ နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းတွေ ဖြစ်ဖို့လိုအပ်ပါတယ်။ ဒါမှသာ အဂတိလိုက်စားမှုကင်းစင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာစေဖို့အတွက် အထောက်အပံ့ပေးနိုင်မယ့် အခြေခံဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းကောင်းတွေကတစ်ဆင့် သန့်ရှင်းတဲ့ အစိုးရနဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်လာနိုင်မှာ ဖြစ်ပါတယ်။**

မြန်မာနိုင်ငံသား အများစုတို့ ယုံကြည်ကိုးကွယ်ရာဖြစ်တဲ့ ဗုဒ္ဓဘာသာမှာလည်း ဖြောင့်မတ်ခြင်းကို လူသားတို့ရဲ့ ကောင်းမြတ်တဲ့ဂုဏ်အင်္ဂါ အရည်အချင်းတစ်ရပ်အဖြစ် ညွှန်ပြထားပါတယ်။ ဖြောင့်မတ်သူဟာ မမှန်ကန်တဲ့အမှု၊ လိမ်လည်တဲ့အမှုတို့ကို ဘယ်အချိန်၊ ဘယ်နေရာမှာ၊ ဘယ်အကြောင်းနဲ့မှ ပြုလုပ်မှာ မဟုတ်တဲ့အတွက် အကျင့်စာရိတ္တကောင်းပြီး သီလသမာဓိနဲ့ ပြည့်စုံသူများ ဖြစ်ကြပါလိမ့်မယ်။ ဒါ့ကြောင့် မျိုးဆက်သစ် လူငယ်တွေကို ဖြောင့်မတ်တည်ကြည်မှုရှိအောင် မြှင့်တင်ဆောင်ရွက်ပေးခြင်းဟာ အနာဂတ်နိုင်ငံတော် အတွက် အဂတိကင်းစင်တဲ့ကောင်းကျိုးကို ဖြစ်ထွန်းစေနိုင်မှာဖြစ်ကြောင်း ယုံကြည်မိပါတယ်။

နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်တွေမှာ လူငယ်တွေဟာ အဓိက စွမ်းအားစုတွေအဖြစ် ပါဝင်လျက်ရှိတဲ့အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အနေနဲ့ စာရိတ္တ၊ ဗလနဲ့ပြည့်စုံတဲ့ လူငယ်တွေဖြစ်စေဖို့ ရည်ရွယ်ပြီး လူငယ်ကဏ္ဍကို

မြှင့်တင်ဆောင်ရွက်ပေးနေတာတွေကို အဆက်မပြတ် အရှိန်အဟုန်နဲ့ ဆောင်ရွက်ပေးဖို့မှာ ကြားလိုပါတယ်။

**"အဂတိပယ်ခွာ ပြည်သာယာ"** ဆိုတဲ့ ကော်မရှင်ရဲ့ ဆောင်ပုဒ်နဲ့အညီ အဂတိလိုက်စားမှုကင်းစင်တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပေါ်လာစေဖို့အတွက် အစိုးရနဲ့ ပြည်သူလူထုတစ်ရပ်လုံးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းတွေကို စိတ်ပါဝင်စားစွာနဲ့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်ဖွဲ့ချင်းက အဂတိကိုပယ်ခွာပြီး မိမိနဲ့ မိမိပတ်ဝန်းကျင်၊ အဲဒီက တစ်ဆင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်သာယာအောင် အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်သွားကြဖို့ လေးလေးနက်နက် တိုက်တွန်းအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ နိုင်ငံတော်က ချမှတ်ထားတဲ့ **"ရှေ့သို့ချီမည် ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal)** ဆိုတဲ့ ဆောင်ပုဒ်အတိုင်း နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူအားလုံးရဲ့အကျိုးကို ရှေးရှုပြီး လူမှုစီးပွားဘဝတိုးတက်မြင့်မားလာစေဖို့ နိုင်ငံတော်က ချမှတ်ထားတဲ့ ဦးတည်ချက်၊ ရည်မှန်းချက်တွေနဲ့ မူဝါဒတွေကို လုပ်ငန်းလမ်းညွှန်တွေအဖြစ် အလေးအနက်ခံယူပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းတွေကို ကော်မရှင်နဲ့ ပူးပေါင်းပြီး အဂတိကင်းရှင်းတဲ့နိုင်ငံဖြစ်ပေါ်လာစေရေး ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနဲ့ ပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြဖို့ ပြောကြားရင်း (၂၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုအပ်ပါတယ်။




# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

# ဥက္ကဋ္ဌ ဦးစစ်အေး

## အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့

## အထိမ်းအမှတ်အခမ်းအနားတွင်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်

## ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်

**(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)**

ယနေ့ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ကြွရောက်၍ အဖွင့်အမှာစကားပြောကြားပေးပါသော နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကြွရောက်ချီးမြှင့်ပေးကြပါသော နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ ဆုရ

ကျောင်းသား၊ ကျောင်းသူများ အားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကော်မရှင်ရဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို အကျဉ်းချုပ် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

အဂတိလိုက်စားမှုသည် လူ့အဖွဲ့အစည်းအသီးသီး၌ ဆိုးဝါးစွာပျံ့နှံ့၍ နှစ်ပေါင်းများစွာ အမြစ်တွယ်လျက်ရှိကာ နိုင်ငံဖွံ့ဖြိုး တိုးတက်ရေး၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များရေး၊ ပြည်သူလူထု ဘဝသာယာဝပြောရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အထိ နယ်ပယ်ကဏ္ဍအသီးသီးတို့၌ ဟန့်တားနှောင့်ယှက်လျက် ရှိပါတယ်။

မြန်မာနိုင်ငံသည် UNCAC အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကွန်ဗင်းရှင်းပါ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ်တွင် “အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ” ကို ပြဋ္ဌာန်းခဲ့ပါတယ်။ ပြဋ္ဌာန်းဥပဒေနှင့်အညီ ၂၀၁၄ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ကော်မရှင်ရုံးကို ဖွဲ့စည်းခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်းဆိုတဲ့ လုပ်ငန်းစဉ် (၃) ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါတယ်။

ဖြောင့်မတ်တည်ကြည်မှုသည် မွေးရာပါ အရည်အချင်းမဟုတ်ဘဲ လေ့ကျင့်ပျိုးထောင်ဆောင်ရွက်ရတဲ့ ဘဝအရည်အသွေးတစ်ရပ်ဖြစ်သည့်အပြင် စနစ်တကျနဲ့ စဉ်ဆက်မပြတ်ဆောင်ရွက်ရတဲ့ လုပ်ငန်းစဉ်ဖြစ်တဲ့အတွက် ကျောင်းသားလူငယ်များအတွင်း ဖြောင့်မတ်တည်ကြည်မှုရှိတဲ့ အသိုက်အဝန်း တည်ဆောက်နိုင်ရန် ရည်ရွယ်၍ လူငယ်လူရွယ်များကို အခြေခံပညာအဆင့်မှစ၍ အဆင့်မြင့်ပညာအထိ ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ အသိပညာပေးလုပ်ငန်းရပ်များကို ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။

ကော်မရှင်အနေဖြင့် ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေး Edutainment အစီအစဉ်ကို နေပြည်တော် ကောင်စီနယ်မြေနဲ့ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အခြေခံပညာကျောင်း (၂၃၄) ကျောင်း တွင်လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ လူငယ်တို့၏ အခန်းကဏ္ဍစကားဝိုင်း ဆွေးနွေးပွဲများကို နေပြည်တော်ကောင်စီနယ်မြေနဲ့ ကော်မရှင်ရုံးခွဲများ ဖွင့်လှစ်ထားသည့် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီးမြို့များရှိ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံ ပညာကျောင်း စုစုပေါင်း(၃၂)ကျောင်းတို့တွင်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက် နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ နွေရာသီကျောင်းပိတ်ရက် များတွင် ဖွင့်လှစ်သည့် **"ဆရာ/ ဆရာမများ မွမ်းမံသင်တန်းများ"** ၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်ခန်းစာ ဆွေးနွေးပို့ချခြင်းကို ကျောင်းပေါင်း (၁၂၇) ကျောင်း၌ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ယခုနှစ် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း၏ အပြည်ပြည် ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ ဦးတည်ချက်မှာ "ဖြောင့်မတ်တည်ကြည်သော အနာဂတ်ဖော်ဆောင်ဖို့ အဂတိတိုက်ဖျက် လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့ (Uniting with Youth against Corruption: Shaping Tomorrow's Integrity)" ဖြစ်တဲ့အတွက် အဆိုပါ UNCAC ဦးတည်ချက်သည် ကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ လူငယ်အသိပညာပေး အစီအစဉ်နဲ့ စကားဝိုင်းဆွေးနွေးချက်များ၏ ဦးတည်ရည်မှန်းချက်များနှင့် ကိုက်ညီမှုရှိတာကို တွေ့ရှိရပါတယ်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှု နှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က "**ဝန်ကြီး ဌာနအားလုံး ဝန်ကြီးဌာနအဆင့်ထိ ပြုလုပ်ရန်**"လမ်းညွှန်မှုပြုခဲ့ပါသဖြင့် ၂၀၂၄ ခုနှစ်အတွင်း အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများကို ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၌ (၂၆) ကြိမ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များတွင် (၉) ကြိမ်သွားရောက်ဆွေးနွေး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နိုင်ငံ့ဝန်ထမ်း အသိပညာပေးကဏ္ဍအနေနဲ့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များနဲ့ ပြည်ထောင်စုဝန်ကြီးဌာန/

အဖွဲ့အစည်းများမှ ဖွင့်လှစ်တဲ့ သင်တန်း (၃၀) ခု၌ သင်တန်းသား သင်တန်းသူ (၁၆၇၁) ဦးတို့အား **"အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးပို့ချမှုများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ နည်းပညာသင်တန်းပို့ချမှုများအဖြစ် Public Feedback Programme (PFP) Web Portal အသုံးပြုနည်း သင်တန်း (၆) ကြိမ်၊ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုဆန်းစစ်လေ့လာခြင်း (Corruption Risk Assessment-CRA) နည်းပညာသင်တန်း (၂) ကြိမ်၊ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင် ဖွဲ့စည်းထားရှိသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (Corruption Prevention Unit-CPU) များနှင့်တွေ့ဆုံ၍ အကြံပြုဆွေးနွေးခြင်း (၃၃) ကြိမ်တို့ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသိပညာပေးခြင်းနည်းလမ်းသည် အခြေခံကျသည့် နည်းလမ်းတစ်ခုဖြစ်သည့်အတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေးအစီအစဉ်အဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရုပ်ပြသရုပ်ဖော်တေးသီချင်း (၃) ပုဒ်၊ Animation ဇာတ်လမ်းတို (၄) ပုဒ်၊ ဇာတ်လမ်းတို (၆) ပုဒ်၊ ပြဇာတ် (၁) ပုဒ်နှင့် "တင်ဒါအကြောင်းသိကောင်းစရာ" အသိပညာပေးဇာတ်လမ်းတို (၁) ပုဒ်တို့အား အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် ထုတ်လွှင့်ပြသလျက်ရှိပါတယ်။

ထို့အပြင် လျှို့ဝှက်ထိန်းသိမ်းရမည့် သတင်းအချက်အလက်များမှအပ ကော်မရှင်၏လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဆောင်ရွက်ချက်များနှင့် ဆောင်းပါးများကို အများပြည်သူတို့ သိရှိနိုင်စေရန် ကော်မရှင်၏ ACC Myanmar Facebook Page, Website နှင့် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြလျက်ရှိပါတယ်။

ကော်မရှင်၏ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်အနေနဲ့ အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရသည့် ဝန်ထမ်းများမှအစပြု၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) များကို ပြည်ထောင်စုဝန်ကြီး

ဌာန/ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင် ဖွဲ့စည်းထားပြီးဖြစ်သကဲ့သို့ အများပြည်သူဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် အသေးစားအဂတိလိုက်စားမှုများအား ထိရောက်စွာ ဟန့်တားနိုင်ရန်အတွက် Short Code Tetra One (1111) အသုံးပြုပေးပို့သည့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် (Public Feedback Programme-PFP) ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ PFP အစီအစဉ်မှာ ကုန်ကျစရိတ်အနည်းဆုံးနဲ့ ဌာန၏ စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်တဲ့အပြင် ကောင်းမွန်တဲ့ ပြည်သူ့ဝန်ဆောင်မှုများ ဖြစ်ပေါ်စေတဲ့အစီအစဉ် ဖြစ်ပါတယ်။

ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း (၃၂) ခုနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့၌ PFP အစီအစဉ်ကို အသုံးပြုနိုင်ရန်အတွက် CPU Account နှင့် DEO Account များကို PFP Web Portal တွင် တည်ဆောက်ပေးလျက်ရှိရာ CPU Account (၁၁၆) ခု၊ DEO Account (၁၃၂၀) ခုတို့ဖြင့် အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

အဂတိလိုက်စားမှုသည် နယ်ပယ်ကဏ္ဍအသီးသီးတွင် ဖြစ်ပေါ်လေ့ရှိပြီး နိုင်ငံရေးနယ်ပယ်တွင်ပါ ပိုမိုပါဝင်ပတ်သက်လာသည်ကိုတွေ့ရှိရပြီး တတိယကော်မရှင် သက်တမ်းတွင် စုံစမ်းစစ်ဆေး အရေးယူဆောင်ရွက်နိုင်မှုများအဖြစ် နိုင်ငံတော်က အပ်နှင်းထားသည့်ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တံစိုးလက်ဆောင်ကို ပေးခြင်း၊ ရယူခြင်းနှင့်စပ်လျဉ်းသည့် လာဘ်ပေးလာဘ်ယူမှုများကိုသာမက တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ ဖောက်ဖျက်၍ နိုင်ငံတော်၏ ငွေကြေးနှင့်ပစ္စည်း နစ်နာဆုံးရှုံးမှုများ၊ အများပြည်သူတို့၏ အကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုများကိုပါ စုံစမ်းစစ်ဆေးဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

ကော်မရှင် စတင်ဖွဲ့စည်းတဲ့ ၂၀၁၄ ခုနှစ်မှ ယခုအချိန်အထိ တိုင်ကြားစာပေါင်း (၃၇၆၁၃) စောင်ရရှိခဲ့ပြီး အရေးယူဆောင်ရွက်ပေးနိုင်သည့် တိုင်ကြားစာ (၂၁၃၉၄) စောင်ဖြစ်ပါတယ်။ ကော်မရှင်၏ စုံစမ်းစစ်ဆေးဖော်ထုတ်ချက်များအရ အဂတိလိုက်စားမှုကျူးလွန်သူ (၃၄၈) ဦးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း (၃၀၀၈) ဦးကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဝန်ထမ်းစည်းကမ်းအရ အရေးယူ

ဆောင်ရွက်ခဲ့ပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေအရ တရားစွဲဆိုအရေးယူ ဆောင်ရွက်ခဲ့သည့် (၃၄၈) ဦးတွင် နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ (၆၇) ဦး၊ အဆင့်မြင့်အရာရှိ (၂၃) ဦး၊ အရာထမ်း (၁၀၁) ဦး၊ အမှုထမ်း (၈၆) ဦး၊ ပြည်သူ့ဝန်ထမ်း (၁၈) ဦးနှင့် အခြား ပုဂ္ဂိုလ် (၅၃) ဦးတို့ပါဝင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ကော်မရှင်အနေနဲ့ စုံစမ်းစစ်ဆေးတရားစွဲတင်ဆောင်ရွက်ခဲ့သည့် အမှုများမှ ပြည်သူ့ ဘဏ္ဍာသိမ်းဆည်းနိုင်မှုနှင့် နိုင်ငံ့ဘဏ္ဍာသို့ ပြန်လည်ပေးသွင်းနိုင်ခဲ့မှုမှာ မြန်မာငွေကျပ် ၂၇.၃၃ ဘီလီယံကျော်၊ အမေရိကန်ဒေါ်လာ ၄ သန်းကျော်တို့ဖြစ်ပြီး နိုင်ငံ့ဘဏ္ဍာဆုံးရှုံးမှု မရှိစေရေး ကာကွယ်နိုင်ခဲ့မှုမှာ မြန်မာငွေကျပ် ၁၅၆ ဘီလီယံကျော်နှင့် ယူရိုငွေ ၃ သန်း ကျော်တို့အပြင် နိုင်ငံတော်မှ ရရန်ရှိသည့် ငွေကြေးနှင့် အခွန်အခများကိုလည်း သက်ဆိုင်ရာ ကုမ္ပဏီများက ပြန်လည်ပေးသွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ကော်မရှင်အနေနဲ့ အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် သက်ဆိုင်သည့် နယ်ပယ်များတွင် သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ ကောင်းမွန် သည့် အလေ့အကျင့်နှင့် အတွေ့အကြုံများ မျှဝေခြင်း၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ခြင်းတို့အတွက် ဗီယက်နမ်၊ ထိုင်း၊ လာအို၊ ကိုရီးယား၊ အိန္ဒိယ၊ ကမ္ဘောဒီးယားနိုင်ငံများရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများနဲ့ လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံးတို့နဲ့လည်းကောင်း နားလည်မှု စာချွန်လွှာ (MoU) များ လက်မှတ်ရေးထိုးခဲ့သည့်အပြင် ယခုနှစ်တွင်လည်း မလေးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (MACC)နှင့် နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ထို့အပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် (၉) ကြိမ်မြောက်အရှေ့ဖျား စီးပွားရေးဖိုရမ် (9th Eastern Economic Forum – EEF) သို့ မြန်မာနိုင်ငံကိုယ်စားလှယ် များအဖွဲ့နှင့်အတူ ပါဝင်တက်ရောက်ခဲ့ပါတယ်။ အဆိုပါ ဖိုရမ်တွင် ကော်မရှင်နှင့် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံးတို့အကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှု စာချွန်လွှာကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစီ အစဉ် (၂၀၂၄-၂၀၂၆) ကို Sideline Event တစ်ခုအဖြစ် လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့

ပါတယ်။ ထိုပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ယခုနှစ်တွင် Round Table Discussion on Asset Recovery and Workshop on Issues against Corruption နှင့်စပ်လျဉ်းတဲ့ ဆွေးနွေးပွဲကို နေပြည်တော်၌ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်နိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ကော်မရှင်သည် UNCAC အဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်၍ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အကယ်ဒမီ (International Anti-Corruption Academy-IACA) ၏ အဖွဲ့ဝင်များ အစည်းအဝေးနှင့် အခြားဆက်စပ်အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများသို့ လည်းကောင်း၊ အာဆီယံ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အဖွဲ့(ASEAN-PAC) ၏ (၂၀) ကြိမ်မြောက်အကြီးအမှူးများ အစည်းအဝေးနဲ့ ရုံးအဖွဲ့အစည်းအဝေးများသို့လည်းကောင်း ပါဝင်တက်ရောက်ခဲ့ပါတယ်။

ထို့အပြင် UNODC က ကြီးမှူးကျင်းပသည့် 2nd Cycle of the Mechanism for the Review of Implementation of the UNCAC နှင့်စပ်လျဉ်းသည့် သင်တန်းနှင့် (၁၅) ကြိမ်မြောက် UNCAC အကောင်အထည်ဖော်ဆောင်ရွက်မှု ပြန်လည်သုံးသပ်ရေးအစည်းအဝေး၏ ပထမ အကြိမ်မြောက် နောက်ဆက်တွဲအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ လည်းကောင်း၊ World Anti-Corruption Conference (WACC) 2024 သို့ ကော်မရှင် အဖွဲ့ဝင်တစ်ဦးမှ Panellist အဖြစ်လည်းကောင်း၊ Southeast Asia Regional Political Finance Workshop and Anti-Corruption Multi-Stakeholder Meeting သို့ လည်းကောင်း ပါဝင်တက်ရောက်ခဲ့ပါတယ်။

(၂၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲကို **"အဂတိပယ်ခွာ ပြည်သာယာ"** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါ ပြိုင်ပွဲမှ ဆုရရှိသူများကိုလည်း ယနေ့အခမ်းအနားမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆုများကို ထိုက်တန်စွာ ချီးမြှင့်ပေးအပ်ခဲ့ပါတယ်။

ကော်မရှင်သည် နိုင်ငံတစ်ဝန်း အဂတိလိုက်စားမှုများကို အများပြည်သူတို့နှင့် လက်တွဲ၍ တွန်းလှန်တိုက်ဖျက်ခြင်းဖြင့် ပြည်သူတို့၏ဘဝများ သာယာဝပြောလာစေရန် မျှော်မှန်းချက်ထားပြီး ၂၀၁၈ ခုနှစ်မှစ၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာ စီမံချက်ကို လေးနှစ်တစ်ကြိမ် ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ နှစ်စဉ်လုပ်ငန်းအစီအစဉ်များ ချမှတ်ကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများ၊ တားဆီး ကာကွယ်ရေးလုပ်ငန်းများ၊ စုံစမ်းစစ်ဆေးခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ကော်မရှင်သည် သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရေး အများပြည်သူဆိုင်ရာအုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူမှု မြင့်မားစေရေးတို့အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ကော်မရှင် အနေနဲ့ ပြည်သူတို့ရဲ့ လူမှုစီးပွားဘဝလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြော လာစေရေးတို့ကို အလေးထားပြီး ကော်မရှင်ရဲ့ **"အဂတိပယ်ခွာ ပြည်သာယာ"** ဆောင်ပုဒ် နှင့်အညီ နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် ပိုမိုတိုးတက် ကောင်းမွန်လာစေရေးအတွက် အဂတိလိုက်စားမှု ကင်းစင်သော လူ့ဘောင်ကို အတူတကွထူထောင်ကြပါစို့လို့ အလေးအနက်ဆန္ဒပြု တိုက်တွန်းပြောကြားရင်း ကျွန်တော်ရဲ့ တင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ်။

# အခန်း(၁)

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအစီအစဉ်များ ချမှတ်ခြင်း

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဖွဲ့စည်းခြင်း

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် တတိယအကြိမ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အား ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် (၉) ဦး၊ စုစုပေါင်း (၁၁) ဦးတို့ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်-

| စဉ် | အမည် | ရာထူး၊ တာဝန် |
|---|---|---|
| ၁ | ဦးစစ်အေး<br>ဥက္ကဋ္ဌ<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ဥက္ကဋ္ဌ |
| ၂ | ဦးကျော်ဝင်းသိန်း<br>ရဲမှူးချုပ် (ငြိမ်း)<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၃ | ဦးအောင်မြင့်လွင်<br>ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၄ | ဦးသန်းစိုး<br>ရဲမှူးကြီး (ငြိမ်း)<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၅ | ဦးမောင်မောင်တင့်<br>ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည် | ရာထူး၊ တာဝန် |
| --- | --- | --- |
| ၆ | ဒေါ်ကြူကြူဝင်း<br>ပဲခူးတိုင်းဒေသကြီးတရားရေးဦးစီးမှူး (ငြိမ်း)<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| ၇ | ဦးဝင်းတည်<br>ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>သတ္တုတွင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၈ | ဦးကျော်စိုးလင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး | အဖွဲ့ဝင် |
| ၉ | ဒေါက်တာထွန်းထွန်းဦး<br>ညွှန်ကြားရေးမှူး (ငြိမ်း)<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၀ | ဦးသန်းထွတ်သိန်း<br>ဗိုလ်ချုပ် (ငြိမ်း)<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၁ | ဦးတင်ဆွေဝင်း<br>ဗိုလ်ချုပ်(ငြိမ်း)<br>ကာကွယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |




## လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း

၅။ ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပိုမိုကျစ်လျစ်ခိုင်မာစွာ ဆောင်ရွက်နိုင်ရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) အရ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် (၉) ဦး၊ စုစုပေါင်း (၁၁) ဦး ပါဝင်သည့် အောက်ပါလုပ်ငန်းကော်မတီ (၆) ခုကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်-

(က) မူဝါဒရေးရာလုပ်ငန်းကော်မတီ

(ခ) နိုင်ငံတကာရေးရာနှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီ

(ဂ) ဥပဒေရေးရာ လုပ်ငန်းကော်မတီ

(ဃ) တိုင်ကြားစာ စိစစ်သုံးသပ်ရေးလုပ်ငန်းကော်မတီ

(င) ဝန်ထမ်းရေးရာ၊ စည်းကမ်းထိန်းသိမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းကော်မတီ

(စ) ပညာပေးရေးနှင့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းကော်မတီ

၆။ အဆိုပါ လုပ်ငန်းကော်မတီ (၆) ခု၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန်အတွက် ကော်မရှင်ရုံးဝန်ထမ်းများ ပါဝင်သည့် အထောက်အကူပြုအဖွဲ့များကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ထားပါသည်။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်(၂၀၂၂-၂၀၂၅)

**မဟာဗျူဟာရည်မှန်းချက်များ**

၇။ ကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်ကို ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ဒုတိယကာလတို လေးနှစ်အဖြစ် သတ်မှတ်ထားပါသည်။ အဆိုပါကာလ အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လက်ရှိကျယ်ပြန့်စွာ ဖြစ်ပေါ်နေသော အဂတိလိုက်စားမှု များကို လျော့နည်းကျဆင်းသွားစေရန်အတွက် အောက်ပါအတိုင်း မဟာဗျူဟာရည်မှန်းချက်များ သတ်မှတ်၍ ထိရောက်စွာ တိုက်ဖျက်သွားရမည် ဖြစ်ပါသည် -

(က) သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ထွန်းစေရန် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ပေးအပ်လာသော လုပ်ငန်းတာဝန်များကို အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားရမည်၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တည်ဆောက်ခြင်း၊ ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများတွင် အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်နေသော ပြည်သူ့ဘဏ္ဍာရန်ပုံငွေဆုံးရှုံးမှုကို ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု တို့ဖြင့် လျှော့ချနိုင်ရမည်၊

(ဂ) အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများတွင် စနစ်တစ်ခုကဲ့သို့ နက်ရှိုင်းစွာ ပျံ့နှံ့နေသော အဂတိလိုက်စားမှု (Systemic Corruption)ကို သိသာ ထင်ရှားစွာ ကျဆင်းသွားစေရန် တိုက်ဖျက်ရမည်၊

(ဃ) ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သော ကောင်းမွန်သော စီမံအုပ်ချုပ်မှုဆိုင်ရာ ညွှန်းကိန်း (Worldwide Governance Indicators – WGI) တွင် အဂတိ လိုက်စားမှု ထိန်းချုပ်နိုင်ခြင်း (Control of Corruption) ညွှန်းကိန်း သိသာ ထင်ရှားစွာ အဆင့်တိုးတက်လာစေရမည်။

**မဟာဗျူဟာစီမံချက် အကောင်အထည်ဖော်ဆောင်မှု**

၈။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅) ကို လုပ်ငန်း ကဏ္ဍ (၆) ရပ်ဖြင့် အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) **လုပ်ငန်းကဏ္ဍ(၁)။** အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်း လုပ်ငန်းတို့ကို ထိရောက်ခိုင်မာစေမည့် အခြေခံကောင်းများ တည်ဆောက်ခြင်း၊

( ခ ) **လုပ်ငန်းကဏ္ဍ (၂)။** ကိုယ်ကျင့်သိက္ခာနှင့် ပညာရပ်ဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊

( ဂ ) **လုပ်ငန်းကဏ္ဍ(၃)။** အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေး လုပ်ငန်းများတွင် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့ အစည်းများ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊

(ဃ) **လုပ်ငန်းကဏ္ဍ (၄)။** နိုင်ငံတော်ပိုင် ဘဏ္ဍာရန်ပုံငွေ ပစ္စည်းများနှင့် နိုင်ငံသားများ၏အကျိုးစီးပွားများကို ထိရောက်စွာ အကာအကွယ်ပေးခြင်း၊

( င ) **လုပ်ငန်းကဏ္ဍ(၅)။** အဂတိကင်းရှင်းသော စီးပွားရေးနယ်ပယ်ဖြစ်ပေါ်စေခြင်း၊

( စ ) **လုပ်ငန်းကဏ္ဍ (၆)။** အစိုးရဌာန/ အဖွဲ့အစည်းများ၏ အများပြည်သူဝန်ဆောင်မှု လုပ်ငန်းနယ်ပယ်တွင် လာဘ်ပေးလာဘ်ယူမှုများ လျော့နည်းစေခြင်း။

၉။ **လုပ်ငန်းကဏ္ဍ(၁)။** အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းလုပ်ငန်းတို့ကို ထိရောက် ခိုင်မာစေမည့် အခြေခံကောင်းများ တည်ဆောက်ခြင်းကို အောက်ပါအတိုင်း လုပ်ငန်းစဉ် (၅)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) **လုပ်ငန်းစဉ်(၁)။** အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေမူဘောင် ဖွံ့ဖြိုး တိုးတက်စေရန် ဆောင်ရွက်ခြင်း -

(၁) တည်ဆဲ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြန်လည် သုံးသပ်ခြင်း၊

(၂) ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းထားသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းဥပဒေကို ပြန်လည်သုံးသပ်ခြင်း၊

(၃) အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေးဥပဒေ (Whistleblower Protection Law) ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခြင်း။

(ခ) **လုပ်ငန်းစဉ်(၂)**။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေး၊ အသိပညာပေးရေး အစီအစဉ်များ တစ်နိုင်ငံလုံး ပျံ့နှံ့စေရန် တိုးမြှင့်ဆောင်ရွက်ခြင်း -

(၁) ကျောင်းသားလူငယ်ပညာပေးရေး လုပ်ငန်းအစီအမံ ဖော်ဆောင်ရေး အဖွဲ့ ဖွဲ့စည်းတာဝန်ပေးခြင်း၊

(၂) ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးဆိုင်ရာ အသိပညာပေး ဆရာကိုင်စာအုပ်များအတွက် အခြေခံပညာအဆင့် ဆရာ/ ဆရာမများအား သင်တန်းပေးခြင်း၊

(၃) အရပ်ဘက်အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဟောပြောပွဲများ ကျင်းပခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက်ခြင်း၊

(၄) အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ကြိုတင်ကာကွယ်ရေး အသိပညာပေးဆိုင်ရာ လှုပ်ရှားမှုများ ဆောင်ရွက်ခြင်း၊

(၅) အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆိုင်ရာ လှုပ်ရှားမှုများ စီစဉ်ကျင်းပခြင်း၊

(၆) အဂတိလိုက်စားမှုကို လုံးဝသည်းခံ ခွင့်လွှတ်ခြင်းမပြုသော ယဉ်ကျေးမှုတစ်ရပ် ဖြစ်ပေါ်စေခြင်း၊

(၇) ပိုင်ဆိုင်မှုကြေညာခြင်းကိစ္စကို ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် အလုပ်ရုံဆွေးနွေးပွဲ

များကျင်းပခြင်း၊ ပိုင်ဆိုင်မှုကို စိစစ်နိုင်ရန် တင်ပြခြင်း၊ ထုတ်ပြန်ကြေညာခြင်းတို့ကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခြင်း၊

(၈) အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၇ (ဈ) ပါ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှု ကျော်စောသတင်းအပေါ် အရေးယူနိုင်ရန် အစီအမံများ ချမှတ်ခြင်း၊

(၉) တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုးချဲ့ဖွင့်လှစ်ထားသော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး ရုံးခွဲများ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) **လုပ်ငန်းစဉ်(၃)။** တိုင်ကြားစာပေးပို့သည့် ယန္တရားကိုပြန်လည်သုံးသပ်ခြင်း-

(၁) အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပါ တိုင်ကြားစာပေးပို့ခြင်း၊ လက်ခံခြင်းနှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းကို ပိုမိုလွယ်ကူချောမွေ့စေရန် ပြန်လည်သုံးသပ်ခြင်း၊

(၂) တိုင်ကြားစာများအပေါ် ဆောင်ရွက်နိုင်မှု (တွဲ၊ လွှဲ၊ စစ်) များအား သုံးသပ်ခြင်း၊

(၃) စစ်ဆေးသည့် တိုင်ကြားစာများအပေါ် အရေးယူဆောင်ရွက်နိုင်မှုနှင့် လုပ်ငန်းစဉ်အား သုံးသပ်ခြင်း၊

(ဃ) **လုပ်ငန်းစဉ်(၄)။** တိုင်ကြားသူနှင့် သတင်းပေးသူအား အကာအကွယ်ပေးရန် စီမံဆောင်ရွက်ခြင်း-

(၁) အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေး (Whistleblower Protection) နှင့်သက်ဆိုင်သော ဥပဒေမူဘောင် ဖွံ့ဖြိုးတိုးတက်ရန်အစီအမံများချမှတ် ဆောင်ရွက်ခြင်း၊

(၂) လက်တွေ့လုပ်ငန်းစဉ်တွင် တိုင်ကြားသူနှင့် သတင်းပေးသူများ၊ သက်သေများအား ဆက်ဆံရေး၊ ကာကွယ်ရေးတို့အတွက် SOP များ ရေးဆွဲဆောင်ရွက်ခြင်း။

(င) **လုပ်ငန်းစဉ်(၅)**။ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းလုပ်ငန်းများ ထိရောက်စေခြင်း-

(၁) အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးအတွက် လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရေးဆွဲခြင်း၊

(၂) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စုံစမ်းစစ်ဆေးရေးဦးစီး ဌာန၏ မှုခင်းစီမံခန့်ခွဲမှုစနစ် ပိုမိုအားကောင်းစေရန် ဆောင်ရွက်ခြင်း၊

(၃) တရားစီရင်ဆဲ အမှုကိစ္စများအတွက် ထိရောက်မြန်ဆန်စေရန် ဆောင်ရွက်ခြင်း။

၁၀။ **လုပ်ငန်းကဏ္ဍ(၂)။** ကိုယ်ကျင့်သိက္ခာနှင့် ပညာရပ်ဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ခြင်းကို အောက်ပါအတိုင်း လုပ်ငန်းစဉ် (၂) ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက် သွားမည် -

(က) **လုပ်ငန်းစဉ်(၁)**။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ကော်မရှင် ရုံးဝန်ထမ်းများ ကိုယ်ကျင့်သိက္ခာ စောင့်ထိန်းနိုင်ရန် စီမံဆောင်ရွက်ခြင်း-

(၁) ကျင့်ဝတ်ဆိုင်ရာ သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း၊

(၂) ကျင့်ဝတ်ဆိုင်ရာ Online သင်တန်းဖွင့်လှစ်ပို့ချနိုင်ရေး သင်ရိုးညွှန်းတမ်း များ ရေးဆွဲဆောင်ရွက်ခြင်း၊

(ခ) **လုပ်ငန်းစဉ်(၂)**။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ လူသား အရင်းအမြစ်စီမံခန့်ခွဲမှု အားကောင်းစေရန် အစီအမံများ ချမှတ်ခြင်း-

(၁) ကော်မရှင်ရုံးဌာနများ၏ လုပ်ငန်းဆောင်ရွက်မှု တိုးတက်စေရေး ဆောင်ရွက်ခြင်း၊

(၂) အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့်ပတ်သက်သည့် ဆန်းစစ်မှုပြုလုပ်ခြင်း၊ ဆန်းစစ်ချက် အပေါ်အခြေခံ၍ သင်တန်းလိုအပ်ချက် ဆန်းစစ်မှုနှင့် သင်ခန်းစာများ ပြုစုခြင်း၊

(၃) အဂတိလိုက်စားမှု စုံစမ်းစစ်ဆေးရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် လက်စွဲပြုစုခြင်း၊

(၄) ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဖွင့်လှစ်သော အဆင့်လိုက် တက်ရောက်ရမည့် သင်တန်းများသို့ တက်ရောက်ခြင်း၊

(၅) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး သင်တန်းများ ဖွင့်လှစ်ခြင်း၊

၁၁။ **လုပ်ငန်းကဏ္ဍ(၃)။** အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေး လုပ်ငန်းများတွင် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းကို အောက်ပါအတိုင်း လုပ်ငန်းစဉ် (၃) ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်-

(က) **လုပ်ငန်းစဉ်(၁)။** ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု သုံးသပ်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း-

(၁) ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း အကောင်အထည် ဖော်ဆောင်မှု သုံးသပ်ရေးလုပ်ငန်းစဉ် ဒုတိယစက်ဝန်းအတွက် အနှစ်ချုပ်အစီရင်ခံစာပါသုံးသပ်အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၂) ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု သုံးသပ်ရေး လုပ်ငန်းစဉ်နှင့် ဆက်စပ်သည့် အစည်းအဝေးများသို့ ပါဝင်တက်ရောက်ခြင်း၊

(၃) မြန်မာနိုင်ငံဆိုင်ရာ သုံးသပ်မှု အစီရင်ခံစာ ထုတ်ပြန်မှုများ အကောင်အထည်ဖော် ဆောင်ရွက်မှုအပေါ် ပြန်လည်သုံးသပ်ခြင်း။

(ခ) **လုပ်ငန်းစဉ်(၂)။** နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း -

(၁) ASEAN-PAC အဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် ရေးထိုးပြီးသော အဂတိလိုက်စားမှု တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ (MoU)

များအား သက်တမ်းတိုးမြှင့်ခြင်း၊ ကျန်ရှိသည့် နိုင်ငံများနှင့် လက်မှတ်ရေးထိုးနိုင်ရေး ဆက်လက်ဆောင်ရွက်ခြင်း၊

(၂) အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသတွင်း အဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာ (MoU) များ လက်မှတ်ရေးထိုးခြင်း၊

(၃) ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုနှင့် နည်းပညာအကူအညီများ ရယူခြင်း။

(ဂ) **လုပ်ငန်းစဉ်(၃)။** ပြည်တွင်း ပူးပေါင်းလက်တွဲဆောင်ရွက်မှုမြှင့်တင်ခြင်း -

(၁) မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်ခြင်း၊ လူကုန်ကူးခြင်း၊ ငွေကြေးခဝါချခြင်း၊ နယ်စပ်ဒေသတွင် ဖြစ်ပွားနေသော လူမှုရေး၊ စီးပွားရေး၊ လက်နက်ကိုင် ပဋိပက္ခစသည့် နယ်ပယ်များနှင့် ဆက်စပ်လျက်ရှိသော အဂတိလိုက်စားမှုများကို အထူးပြုလေ့လာ စူးစမ်းရန် လုပ်ငန်းအဖွဲ့ဖွဲ့စည်းတာဝန်ပေးခြင်း၊

(၂) လုပ်ငန်းဆက်စပ်မှုရှိသော အဖွဲ့အစည်းများနှင့် အဂတိလိုက်စားမှုနှင့် ပတ်သက်သော သတင်းရယူမှု၊ စုံစမ်းစစ်ဆေးမှု၊ တရားစွဲဆိုမှု လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း။

၁၂။ **လုပ်ငန်းကဏ္ဍ(၄)။** နိုင်ငံတော်ပိုင်ဘဏ္ဍာရန်ပုံငွေ၊ ပစ္စည်းများနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို ထိရောက်စွာ အကာအကွယ်ပေးခြင်းကို အောက်ပါအတိုင်း လုပ်ငန်းစဉ် (၂) ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်-

(က) **လုပ်ငန်းစဉ်(၁)။** ပြည်သူတို့၏ ယုံကြည်မှုကို မြှင့်တင်ပေးရန် အစိုးရကဏ္ဍတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ပတ်ဝန်းကျင်ကောင်းဖြစ်ပေါ်စေခြင်း-

(၁) အစိုးရ၏ ဝယ်ယူရေး၊ ထုခွဲရောင်းချရေး၊ ငှားရမ်းရေး စီမံကိန်းလုပ်ငန်းများနှင့် တင်ဒါလုပ်ထုံးလုပ်နည်းများ တိကျသေချာစေရန် စည်းမျဉ်းစည်းကမ်းများ ပြန်လည်သုံးသပ်ရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ထိရောက်သော စည်းမျဉ်းအသစ်များ ချမှတ်ခြင်း၊

(၂) ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု ပွင့်လင်းမြင်သာမှု ရှိခြင်း၊

(၃) နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ စီမံချက် အသစ်နှင့် ကိုက်ညီသော အစီအမံများ ချမှတ်ခြင်း၊

(၄) e-Government စနစ် ရေးဆွဲကျင့်သုံးရန် ကျွမ်းကျင်မှုအကူအညီနှင့် နည်းပညာများ ရရှိရေး အစီအမံချမှတ်ခြင်း၊

(၅) ပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း လုပ်ငန်းများအပေါ် လျစ်လျူရှုခဲ့ကြသည့် အုပ်စုလိုက် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေမြင့်မားသောဌာန၊ အဖွဲ့အစည်း၊ စီးပွားရေးလုပ်ငန်းများအပေါ် ပစ်မှတ်ထား၍ မဏ္ဍိုင်သုံးရပ်နှင့် လူထုလူတန်းစား အဖွဲ့အစည်းများ အကူအညီဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို စစ်ဆင်ရေး တစ်ရပ်သဖွယ် ဆင်နွှဲ၍ တိုက်ဖျက်ခြင်း၊

(၆) နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၇ "အစိုးရဌာန/ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း" နှင့်အညီ လိုက်နာနိုင်ရေး ဆောင်ရွက်ခြင်း၊

(၇) သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုတွင် ဖြစ်ပွားနေသည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရန်နှင့် စုံစမ်းစစ်ဆေးအရေးယူရန် အစီအမံ ချမှတ်ခြင်း၊

(၈) ပြည်သူသို့ အစီရင်ခံစာ ပုံမှန်တင်ပြနိုင်ရေး ဆောင်ရွက်ခြင်း။

(ခ) **လုပ်ငန်းစဉ်(၂)**။ လူနည်းစု အကျိုးစီးပွားအတွက် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွား ထိခိုက်နစ်နာမှုမရှိစေရန် အကာအကွယ်ပေးခြင်း-

(၁) အဂတိလိုက်စားမှုနှင့် ဆက်နွှယ်နေသော မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှုစသည့် နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် တရားမဝင်

စီးပွားရေးလုပ်ငန်းများကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း တိုက်ဖျက်ခြင်း၊

(၂) ရေနံ၊ ကျောက်မျက်၊ ဓာတ်သတ္တု၊ သစ်တော၊ ရေထွက်ပစ္စည်းများ အပါအဝင် သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်မှုများတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှု မရှိစေရန် စောင့်ကြည့်မှုနှင့် ထိရောက်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခြင်း၊

(၃) အဂတိလိုက်စားမှုကြောင့် နစ်နာဆုံးရှုံးခဲ့ရသူများအပေါ် တရားမျှတမှု ရရှိအောင် ပြန်လည်ဖော်ဆောင်ပေးခြင်း။

၁၃။ **လုပ်ငန်းကဏ္ဍ(၅)။** အဂတိကင်းရှင်းသော စီးပွားရေးနယ်ပယ် ဖြစ်ပေါ်စေခြင်းကို အောက်ပါအတိုင်း လုပ်ငန်းစဉ် (၄) ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) **လုပ်ငန်းစဉ်(၁)။** မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း ကဲ့သို့သော ပြည်တွင်းနှင့် နိုင်ငံတကာ တည်ဆဲဥပဒေများကို အသုံးပြုခြင်းမှတစ်ဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့် အလားအလာ အသစ်များကို ရှာဖွေခြင်း၊

(ခ) **လုပ်ငန်းစဉ် (၂)။** စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်များကို မျှဝေရန်နှင့် ကောင်းမွန်သော အလေ့အထများကို ဖလှယ်ရန်အတွက် ကွန်ရက်များ တည်ထောင်ခြင်း-

(၁) မြန်မာနိုင်ငံဆိုင်ရာ UN Global Compact Network နှင့်ချိတ်ဆက်မှု ခိုင်မာစေခြင်း၊

(၂) နိုင်ငံအတွင်းရှိ အစိုးရဌာန/ အဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ထားရှိခြင်း၊

(ဂ) **လုပ်ငန်းစဉ် (၃)။** စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများအတွက် ကျင့်ဝတ် (Code of Conduct) ရေးဆွဲခြင်း-

(၁) အများပြည်သူဆိုင်ရာ လုပ်ငန်းများ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်း ဌာနများသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကျင့်ဝတ်များ ပြုစုရေးဆွဲရန်နှင့် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၈ နှင့်အညီ လိုက်နာကျင့်သုံးနိုင်ရေး အကြံညာဏ်ပေးခြင်း၊

(၂) ကျင့်ဝတ်ရေးဆွဲလိုက်နာမှု ရှိ မရှိ လေ့လာသုံးသပ်ခြင်း၊

(ဃ) **လုပ်ငန်းစဉ် (၄)။** အဂတိလိုက်စားမှု ပုံစံအမျိုးမျိုးကို တိုက်ဖျက်နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ အသိအမြင်များ တိုးမြှင့်နိုင်ရန်အတွက် စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၁) ပုဂ္ဂလိကကဏ္ဍ၌ အကျိုးဝင်သော စီးပွားရေးလုပ်ငန်းများတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဟောပြောပွဲများ ကျင်းပခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက်ခြင်း၊

(၂) တင်ဒါကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံး၏ ၁/၂၀၁၇ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်စေခြင်း။

၁၄။ **လုပ်ငန်းကဏ္ဍ(၆)**။ အစိုးရဌာန/ အဖွဲ့အစည်းများ၏ အများပြည်သူဝန်ဆောင်မှု လုပ်ငန်းနယ်ပယ်တွင် လာဘ်ပေးလာဘ်ယူမှုများ လျော့နည်းစေခြင်းကို အောက်ပါ လုပ်ငန်းစဉ် (၄)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) **လုပ်ငန်းစဉ်(၁)။** ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအောက်ရှိ ဌာနများတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဟောပြောပွဲများနှင့် တားဆီးကာကွယ်ရေး ပညာပေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ခ) **လုပ်ငန်းစဉ်(၂)**။ အစိုးရဌာန/ အဖွဲ့အစည်းများတွင် ဖွဲ့စည်းထားသည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention

Unit-CPU) များ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ကြီးကြပ်ခြင်းနှင့် အကြံဉာဏ်ပေးခြင်း-

(၁) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များဖြင့် အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများတွင် ကျယ်ပြန့်စွာ ဖြစ်ပေါ်နေသော အဂတိလိုက်စားမှုများကို တားဆီးကာကွယ်ခြင်းနှင့် တိုက်ဖျက်ခြင်း၊

(၂) အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က ဦးဆောင်၍ အစိုးရဌာန/ အဖွဲ့အစည်းများတွင် ဝန်ဆောင်မှုရယူကြသော ပြည်သူများထံ SMS ပေးပို့၍ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် (Public Feedback Programme-PFP) ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

(ဂ) **လုပ်ငန်းစဉ်(၃)။** တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများတွင် အဂတိလိုက်စားမှုအန္တရာယ်ရှိမှုကို သုံးသပ်ခြင်း၊

(၁) ဖြစ်နိုင်ခြေ မြင့်မားသော သို့မဟုတ် အန္တရာယ်ရှိနိုင်သော ဟာကွက်ပေါက်ကွက်များကို ဆန်းစစ်သုံးသပ်ရေး (Corruption Risk Assessment) အလုပ်ရုံ ဆွေးနွေးပွဲများ ကျယ်ပြန့်စွာ ပြုလုပ်ခြင်း၊

(၂) ဆွေးနွေးပွဲ ရလဒ်များအပေါ် မူတည်၍ ဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်နိုင်ရေး ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဃ) **လုပ်ငန်းစဉ်(၄)။** အများပြည်သူဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ၏ အဂတိလိုက်စားမှု အခြေအနေကို အကဲဖြတ်နိုင်ရန် နှစ်စဉ် ပုံမှန်စစ်တမ်းကောက်ယူခြင်း၊

(၁) ပြည်သူလူထု၊ စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံ့ဝန်ထမ်းများထံမှ စစ်တမ်း ရယူခြင်း၊

(၂) စစ်တမ်းရလဒ်အား အသိပေးကြေညာခြင်းနှင့် သုံးသပ်ခြင်း။

# ၂၀၂၄ ခုနှစ် လုပ်ငန်းအစီအစဉ်

၁၅။ ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅) ပေါ်မူတည်၍ ၂၀၂၄ ခုနှစ်အတွင်း အောက်ဖော်ပြပါ လုပ်ငန်းစဉ် (၁၀) ရပ်ဖြင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်-

(က) ပေါ်လစီမူဘောင်နှင့် ဥပဒေမူဘောင် ဖွံ့ဖြိုးတိုးတက်ရေး၊

(ခ) တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊

(ဂ) တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာနှင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး၊

(ဃ) စုံစမ်းစစ်ဆေးခြင်းနှင့်တရားစွဲဆိုခြင်းလုပ်ငန်းတို့ကို ထိရောက်ခိုင်မာစေမည့် အခြေခံကောင်းများ တည်ဆောက်ရေး၊

(င) ဌာနစွမ်းဆောင်ရည်မြှင့်တင်ရေး၊

(စ) ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး၊

(ဆ) နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၊

**အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ( Workshop on Implementation of Corruption Prevention ) ကျင်းပပြုလုပ်ခြင်း**

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခြင်း

၃၅။ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များဦးဆောင်၍ ကော်မရှင်ရုံးမှ တာဝန်ရှိသူများပါဝင်သော အဖွဲ့များသည် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၊ အဖွဲ့ဝင်များနှင့် ၂၀၂၄ ခုနှစ်အတွင်းတွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်မှုများအပေါ် လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့ပါသည်-

| စဉ် | ဌာန/ အဖွဲ့အစည်း | ရက်စွဲ |
|---|---|---|
| **ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း** | | |
| ၁ | သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၃၁-၁-၂၀၂၄ |
| ၂ | ပြည်ထဲရေးဝန်ကြီးဌာန | ၇-၅-၂၀၂၄ |
| ၃ | ဥပဒေရေးရာဝန်ကြီးဌာန | ၈-၅-၂၀၂၄ |
| ၄ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၁၀-၅-၂၀၂၄ |
| ၅ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ၁၅-၅-၂၀၂၄ |
| ၆ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၃-၆-၂၀၂၄ |
| ၇ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၁၀-၆-၂၀၂၄ |
| ၈ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၁၄-၆-၂၀၂၄ |
| ၉ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ၁၇-၆-၂၀၂၄ |
| ၁၀ | စက်မှုဝန်ကြီးဌာန | ၂၁-၆-၂၀၂၄ |
| ၁၁ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ၂၈-၆-၂၀၂၄ |
| ၁၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၅-၇-၂၀၂၄ |
| ၁၃ | အလုပ်သမားဝန်ကြီးဌာန | ၁၀-၇-၂၀၂၄ |

| စဉ် | ဌာန/ အဖွဲ့အစည်း | ရက်စွဲ |
|---|---|---|
| ၁၄ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ၂၃-၇-၂၀၂၄ |
| ၁၅ | ပြန်ကြားရေးဝန်ကြီးဌာန | ၂၆-၇-၂၀၂၄ |
| ၁၆ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ၉-၈-၂၀၂၄ |
| ၁၇ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ၁၆-၈-၂၀၂၄ |
| ၁၈ | နိုင်ငံခြားရေးဝန်ကြီးဌာန | ၂၂-၈-၂၀၂၄ |
| ၁၉ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၂၈-၈-၂၀၂၄ |
| ၂၀ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၁၉-၉-၂၀၂၄ |
| ၂၁ | ကာကွယ်ရေးဝန်ကြီးဌာန | ၂-၁၀-၂၀၂၄ |
| ၂၂ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၁၀-၁၀-၂၀၂၄ |
| ၂၃ | နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး | ၂၂-၁၀-၂၀၂၄ |
| ၂၄ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ၂၅-၁၀-၂၀၂၄ |
| ၂၅ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၂၂-၁၁-၂၀၂၄ |
| ၂၆ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ၁၉-၁၂-၂၀၂၄ |
| **တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့** | | |
| ၁ | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၂၉-၃-၂၀၂၄ |
| ၂ | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၂၉-၃-၂၀၂၄ |
| ၃ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၂၉-၃-၂၀၂၄ |
| ၄ | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၂၉-၃-၂၀၂၄ |
| ၅ | မွန်ပြည်နယ်အစိုးရအဖွဲ့ | ၂၉-၃-၂၀၂၄ |
| ၆ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၂၉-၃-၂၀၂၄ |
| ၇ | ရှမ်းပြည်နယ်အစိုးရအဖွဲ့ | ၂-၄-၂၀၂၄ |
| ၈ | ကချင်ပြည်နယ်အစိုးရအဖွဲ့ | ၁၀-၅-၂၀၂၄ |
| ၉ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၂၀-၉-၂၀၂၄ |



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ CPU နှင့် တွေ့ဆုံ၍
အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးခြင်း



ဥပဒေရေးရာဝန်ကြီးဌာန၊ CPU နှင့်တွေ့ဆုံ၍ အဂတိလိုက်စားမှု
တားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးခြင်း



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ CPU နှင့်တွေ့ဆုံ၍ အဂတိလိုက်စားမှု
တားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးခြင်း



ဆောက်လုပ်ရေးဝန်ကြီးဌာန၊ CPU နှင့်တွေ့ဆုံ၍ အဂတိလိုက်စားမှု
တားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးခြင်း



ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ CPU နှင့်တွေ့ဆုံ၍ အဂတိလိုက်စားမှု
တားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးခြင်း



နေပြည်တော်စည်ပင်သာယာရေးကော်မတီ ၊ CPU နှင့်တွေ့ဆုံ၍ အဂတိလိုက်စားမှု
တားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးခြင်း

# အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း နည်းပညာဆိုင်ရာ သင်တန်းပို့ချခြင်း

၃၆။ ကော်မရှင်အနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များမှ ၎င်းတို့၏ ရည်မှန်းချက် တာဝန်တွင်ပါဝင်သည့် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း (Corruption Risk Assessment–CRA) လုပ်ငန်းကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့်နည်းပညာအကူအညီများ ပံ့ပိုးပေးလျက်ရှိရာ အောက်ပါ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ညှိနှိုင်းမှုအရ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း နည်းပညာဆိုင်ရာသင်တန်းကို ကော်မရှင်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက ၂၀၂၄ ခုနှစ်အတွင်း In-Person ဖြင့် ပို့ချပေးနိုင်ခဲ့ပါသည်-

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း | ရက်စွဲ | သင်တန်းသား ဦးရေ |
|---|---|---|---|
| ၁ | တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန | ၁၅-၈-၂၀၂၄ မှ ၁၆-၈-၂၀၂၄ ထိ | ၁၅ ဦး |
| ၂ | ပညာရေးဝန်ကြီးဌာန | ၂၈-၈-၂၀၂၄ မှ ၂၉-၈-၂၀၂၄ ထိ | ၂၇ ဦး |
| စုစုပေါင်း | | | ၄၂ ဦး |



ပညာရေးဝန်ကြီးဌာန၌ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း နည်းပညာဆိုင်ရာသင်တန်းပို့ချခြင်း



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၌ အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်းနည်းပညာဆိုင်ရာသင်တန်းပို့ချခြင်း

## အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ အကောင်အထည်ဖော် ဆောင်ရွက်မှု

၃၇။ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များရှိ CPU အဖွဲ့များအနေဖြင့် သက်ဆိုင်ရာဌာနအလိုက် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ မူဝါဒများချမှတ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ လစဉ်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများကိုပြုစု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ ပေးပို့တင်ပြပြီး ကော်မရှင်ရုံးသို့ မိတ္တူပေးပို့လျက်ရှိပါသည်။

၃၈။ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများအရ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များသည် မူလလုပ်ငန်းတာဝန်များအပြင် CPU ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းအစီအစဉ်များတွင် ပါဝင်သည့် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း၊ လုပ်ငန်းလမ်းညွှန်များနှင့် တည်မြဲလုပ်ထုံးလုပ်နည်းများ ရေးဆွဲနိုင်ရေးဆောင်ရွက်ခြင်း၊ CPU အဖွဲ့များထံသို့ အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ သတင်းပို့တိုင်ကြားနိုင်သည့် စနစ်များထူထောင်ခြင်း၊ ကော်မရှင်ကလွှဲပြောင်းပေးပို့သော တိုင်ကြားစာများနှင့် သက်ဆိုင်ရာ CPU

များထံသို့ တိုင်ကြားလာသည့် တိုင်ကြားစာများကို စိစစ်အရေးယူဆောင်ရွက်ခြင်း၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းတာဝန်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၃၉။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတို့က ယင်းတို့၏ လုပ်ငန်းစဉ်များ၊ ရာထူးတိုးမြှင့်ရေးကိစ္စရပ်များနှင့် ဝယ်ယူရေးဆိုင်ရာကိစ္စရပ်များကို အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုဆန်းစစ်လေ့လာခြင်း များ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၄၀။ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက ပေးပို့လာသည့် လစဉ်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများအရ ၂၀၂၄ ခုနှစ် အတွင်း CPU အဖွဲ့များသို့ အဂတိလိုက်စားမှုနှင့်ပတ်သက်၍ သတင်းပို့ တိုင်ကြားနိုင်ရန် ဆောင်ရွက်ထားမှုအခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း | အကြံပြုစာတိုက်ပုံး အရေအတွက် | Website အရေအတွက် | သတင်းပို့ တိုင်ကြားနိုင်သည့် တာဝန်ခံ ဦးရေ | ဌာန/ ဌာနခွဲ အရေအတွက် | E-mail အရေအတွက် |
|---|---|---|---|---|---|---|
| ၁ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၈၄ | ၁၅ | ၁၅ | ၁၅ | ၁၅ |
| ၂ | နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး | ၁ | ၁ | ၁ | ၁ | ၁ |
| ၃ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ၁ | ၁ | ၁ | ၁ | ၁ |
| ၄ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန | ၄၉၁ | ၁၈ | ၁၃၇ | ၁၃၄ | ၁၃၅ |
| ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ၄၅၅ | ၃ | ၇ | ၄ | ၂ |
| ၆ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၈၆၇ | ၁၄ | ၃၀ | ၁၉ | ၂၅ |
| ၇ | နိုင်ငံခြားရေးဝန်ကြီးဌာန | ၂ | ၄၂ | - | ၅၁ | ၅၁ |

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း | အကြံပြု စာတိုက်ပုံး အရေ အတွက် | Website အရေ အတွက် | သတင်းပို့ တိုင်ကြား နိုင်သည့် တာဝန်ခံ ဦးရေ | ဌာန/ ဌာနခွဲ အရေ အတွက် | E-mail အရေ အတွက် |
|---|---|---|---|---|---|---|
| ၈ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ရုံးဝန်ကြီးဌာန(၃) | ၁ | ၁ | ၃ | ၃ | ၁ |
| ၉ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၃၈ | ၁ | ၃၁ | ၃၁ | ၁၁ |
| ၁၀ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန | ၁၈ | ၄ | ၃ | ၃ | ၃ |
| ၁၁ | ဥပဒေရေးရာဝန်ကြီးဌာန | ၄၆၆ | ၁ | ၁ | ၁ | ၁ |
| ၁၂ | ပြန်ကြားရေးဝန်ကြီးဌာန | ၆ | ၁ | ၆ | ၆ | ၆ |
| ၁၃ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ၄ | ၂ | ၂ | ၂ | ၂ |
| ၁၄ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | ၇၁ | ၆ | ၉၈ | ၆၂ | ၉၈ |
| ၁၅ | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန | ၅၈၁ | ၄ | ၁၁ | ၈ | ၁၁ |
| ၁၆ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၉၃ | ၈ | ၆၉ | ၄၉ | ၆၉ |
| ၁၇ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ၉ | ၃ | - | ၂ | ၂ |
| ၁၈ | စွမ်းအင်ဝန်ကြီးဌာန | ၅ | ၁ | - | - | - |
| ၁၉ | စက်မှုဝန်ကြီးဌာန | ၃ | ၁ | ၃ | ၃ | ၃ |
| ၂၀ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | ၅၈ | ၁ | ၅ | ၅ | ၅ |
| ၂၁ | အလုပ်သမားဝန်ကြီးဌာန | - | ၁ | ၁၆ | ၅ | ၅ |
| ၂၂ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | ၆ | ၁ | ၄ | ၄ | ၄ |
| ၂၃ | ပညာရေးဝန်ကြီးဌာန | ၈ | ၈ | ၁၆ | ၈ | ၈ |
| ၂၄ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ၃ | ၆ | ၇ | ၇ | ၈ |
| ၂၅ | ကျန်းမာရေးဝန်ကြီးဌာန | ၁၈ | ၆ | ၈ | ၇ | ၁၀ |
| ၂၆ | အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | ၃ | ၁ | - | ၁ | ၁ |

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း | အကြံပြုစာတိုက်ပုံးအရေအတွက် | Website အရေအတွက် | သတင်းပို့တိုင်ကြားနိုင်သည့်တာဝန်ခံဦးရေ | ဌာန/ ဌာနခွဲ အရေအတွက် | E-mail အရေအတွက် |
|---|---|---|---|---|---|---|
| ၂၇ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၂ | ၁ | - | - | ၁ |
| ၂၈ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၄ | ၃ | ၁ | ၁ | ၁ |
| ၂၉ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ၁၆ | - | ၆ | ၃ | ၁ |
| ၃၀ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ၁ | ၁ | ၆ | ၄ | ၆ |
| ၃၁ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၁၈ | ၁ | ၂၄ | ၂၀ | ၁၉ |
| ၃၂ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၇ | ၃ | ၅ | ၅ | ၅ |
| ၃၃ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၃ | ၁ | ၃ | ၃ | ၃ |
| ၃၄ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ၃ | ၁ | ၇ | ၁ | ၁ |
| ၃၅ | မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် | ၁ | ၁ | ၁ | ၁ | ၁ |
| ၃၆ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၁၀ | ၂ | ၂ | ၁ | ၂ |
| **စုစုပေါင်း** | | **၃၃၅၇** | **၁၆၅** | **၅၂၉** | **၄၇၁** | **၅၁၈** |

၄၁။ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက ပေးပို့လာသည့် လစဉ်လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာများအရ ၂၀၂၄ ခုနှစ်အတွင်း CPU အဖွဲ့များသို့ အဂတိလိုက်စားမှုနှင့်ပတ်သက်၍ သတင်းပို့တိုင်ကြားနိုင်ရန် ဆောင်ရွက်ထားမှုအခြေအနေကို တစ်ဖက်ပါအတိုင်း တွေ့ရှိရပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ | အကြံပြု စာတိုက်ပုံး အရေ အတွက် | Website အရေ အတွက် | သတင်းပို့ တိုင်ကြား နိုင်သည့် တာဝန်ခံ ဦးရေ | ဌာန/ ဌာနခွဲ အရေ အတွက် | E-mail အရေ အတွက် |
|---|---|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၁၀ | ၁ | ၁ | ၁ | ၁ |
| ၂ | ကယားပြည်နယ် | ၃ | ၁ | ၂ | ၂ | ၁ |
| ၃ | ကရင်ပြည်နယ် | ၆ | - | ၈ | ၈ | ၈ |
| ၄ | ချင်းပြည်နယ် | ၇ | ၁ | ၅ | ၅ | ၅ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၆၄ | - | ၃၉ | ၃၉ | ၃၉ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁၂၃ | ၁ | ၅ | ၅ | ၅ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၆ | - | - | - | - |
| ၈ | မကွေးတိုင်းဒေသကြီး | ၈ | - | - | - | - |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၃၁ | ၆ | ၇၀ | ၅၁ | ၅၄ |
| ၁၀ | မွန်ပြည်နယ် | ၂၁ | ၉ | ၆၂ | ၆၂ | ၆၃ |
| ၁၁ | ရခိုင်ပြည်နယ် | ၁၇ | - | - | - | - |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇၁၀ | ၇ | ၃၆ | ၃၆ | ၃၃၆ |
| ၁၃ | ရှမ်းပြည်နယ် | - | - | - | - | - |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၂၅ | ၆ | ၂၉ | ၂၉ | ၂၉ |
| ၁၅ | နေပြည်တော်ကောင်စီ | ၁ | - | ၁ | ၁ | ၁ |
| **စုစုပေါင်း** | | **၁၄၃၂** | **၃၂** | **၂၅၈** | **၂၃၉** | **၅၄၂** |

၄၂။ ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုဝန်ကြီးဌာန CPU များ၏ သတင်းပို့ တိုင်ကြားနိုင်သည့်စနစ်များမှ ပေးပို့လာသည့် တိုင်ကြားစာ (၁) စောင်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနမှ စိစစ်ပေါ်ပေါက်ချက်အရ တာဝန်ရှိဝန်ထမ်း (၅) ဦးအား နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၄၃။ ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ ၂၀၂၄ ခုနှစ်အတွင်း ဝန်ထမ်းများအား အသိပညာပေးခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-


| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း | စီမံခန့်ခွဲမှု အရ ဆောင် ရွက်မှု | အသိ ပညာပေး ဟောပြော ဆွေးနွေးမှု (ကြိမ်) | သင်တန်း ပို့ချမှု (ကြိမ်) | လက်ကမ်း စာစောင် ဖြန့်ဝေမှု (စောင်ရေ) | အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပမှု (ကြိမ်) |
|---|---|---|---|---|---|---|
| ၁ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | - | ၁၃ | - | - | - |
| ၂ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံး | - | ၁ | - | ၁၀၀ | - |
| ၃ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | - | ၁ | - | - | - |
| ၄ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန | - | ၈၀ | ၁၃ | - | - |
| ၅ | ပြည်ထဲရေးဝန်ကြီးဌာန | - | ၁၂ | - | ၁၈၆၀ | - |
| ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | - | ၂၉ | ၁၈ | - | - |
| ၇ | နိုင်ငံခြားရေးဝန်ကြီးဌာန | - | ၃ | - | - | - |
| ၈ | နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၃) | ၃ | - | - | - | - |
| ၉ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၇၃ | ၆၅၀ | ၁၉၉ | ၂၆၅၆ | ၆ |
| ၁၀ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန | ၆ | ၂ | ၅ | - | ၁၃ |
| ၁၁ | ဥပဒေရေးရာဝန်ကြီးဌာန | - | ၇၀ | ၂ | - | - |
| ၁၂ | ပြန်ကြားရေးဝန်ကြီးဌာန | - | ၁ | - | - | - |
| ၁၃ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | - | - | - | ၂၂၃၉၂ | - |
| ၁၄ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၅၁ | ၆၄၉ | ၂၃ | ၄၇၇၆ | ၁၀ |
| ၁၅ | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန | - | ၁၀ | ၇ | ၆၂၁ | - |
| ၁၆ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | - | ၁၃၄၁ | ၁၃ | ၂၅၂၇ | - |
| ၁၇ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ၅၇ | ၂၅ | ၄ | ၂၄ | - |

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း | စီမံခန့်ခွဲမှု အရ ဆောင် ရွက်မှု | အသိ ပညာပေး ဟောပြော ဆွေးနွေးမှု (ကြိမ်) | သင်တန်း ပို့ချမှု (ကြိမ်) | လက်ကမ်း စာစောင် ဖြန့်ဝေမှု (စောင်ရေ) | အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပမှု (ကြိမ်) |
|---|---|---|---|---|---|---|
| ၁၈ | စွမ်းအင်ဝန်ကြီးဌာန | - | - | - | - | - |
| ၁၉ | စက်မှုဝန်ကြီးဌာန | - | ၁ | - | - | - |
| ၂၀ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | ၂၀ | ၁၄ | ၁၅၆ | ၁၃၀ | - |
| ၂၁ | အလုပ်သမားဝန်ကြီးဌာန | - | ၁ | - | - | - |
| ၂၂ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | - | ၄၇ | ၆ | ၆၂၇ | - |
| ၂၃ | ပညာရေးဝန်ကြီးဌာန | ၃၀ | ၁၄၉၄ | ၁၃ | ၃၆၂၈ | ၃ |
| ၂၄ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ၈၃ | ၁၃ | - | - | - |
| ၂၅ | ကျန်းမာရေးဝန်ကြီးဌာန | - | - | - | - | - |
| ၂၆ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | - | ၃ | - | ၆၀၅ | - |
| ၂၇ | ဆောက်လုပ်ရေးဝန်ကြီးဌာန | - | ၁၂ | ၄ | ၃၈၀ | - |
| ၂၈ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | - | ၁ | - | ၁၀၀ | - |
| ၂၉ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | - | ၁ | - | - | - |
| ၃၀ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာန | - | ၁ | ၁ | - | - |
| ၃၁ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | - | ၂ | ၄၀ | ၂၅၇၀ | - |
| ၃၂ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | - | ၁၇ | ၆၆ | - | - |
| ၃၃ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | - | - | - | - | - |
| ၃၄ | အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် | ၁၂ | ၃၉ | ၈ | ၁၅၂၄၄ | ၃ |
| ၃၅ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် | - | - | ၁ | ၁၀၀ | - |
| ၃၆ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၁ | ၁ | ၁ | ၁၁၀၀ | - |
| | **စုစုပေါင်း** | ၃၃၆ | ၁၇၅၃၄ | ၅၈၀ | ၅၉၄၄၀ | ၃၅ |


၄၄။ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ ၂၀၂၄ ခုနှစ်အတွင်း ဝန်ထမ်းများအား အသိပညာပေးခြင်းဆိုင်ရာလုပ်ငန်း ဆောင်ရွက်ချက်များကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့ | စီမံခန့်ခွဲမှု အရ ဆောင် ရွက်မှု | အသိ ပညာပေး ဟောပြော ဆွေးနွေးမှု (ကြိမ်) | သင်တန်း ပို့ချမှု (ကြိမ်) | လက်ကမ်း စာစောင် ဖြန့်ဝေမှု (စောင်ရေ) | အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပမှု (ကြိမ်) |
|---|---|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | - | ၈ | - | ၃၇၄၄ | ၁ |
| ၂ | ကယားပြည်နယ် | - | - | - | - | - |
| ၃ | ကရင်ပြည်နယ် | - | ၁၀ | - | - | - |
| ၄ | ချင်းပြည်နယ် | - | ၁၆ | - | ၂၂၀ | - |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | - | ၃၂ | - | - | - |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | - | ၂၇ | - | - | - |
| ၇ | ပဲခူးတိုင်းဒေသကြီး | - | ၄၅ | ၃၆ | ၁၅၄၀ | - |
| ၈ | မကွေးတိုင်းဒေသကြီး | - | ၄၃ | - | - | - |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၂ | ၄၀၅ | ၃၁၄ | ၁၃၅၈ | ၆ |
| ၁၀ | မွန်ပြည်နယ် | - | ၃၁ | - | - | - |
| ၁၁ | ရခိုင်ပြည်နယ် | - | - | - | - | - |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၄ | ၁၃၃၉ | - | ၂၂၇ | ၃ |
| ၁၃ | ရှမ်းပြည်နယ် | - | ၁၁၈ | - | - | - |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | - | ၇ | - | ၃၇၅ | - |
| ၁၅ | နေပြည်တော်ကောင်စီ | - | ၁၈ | - | - | - |
| **စုစုပေါင်း** | | **၆** | **၂၀၉၉** | **၃၅၀** | **၇၄၆၄** | **၁၀** |

၄၅။ ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ ၂၀၂၄ ခုနှစ်အတွင်း လုပ်ငန်းအစီအစဉ် (၆) ရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေကို တစ်ဖက်ပါအတိုင်းတွေ့ရှိရပါသည်-




၄၆။ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ၏ ၂၀၂၄ ခုနှစ်အတွင်း လုပ်ငန်းအစီအစဉ် (၆) ရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-



## အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme - PFP) အသုံးပြုဆောင်ရွက်မှု

၄၇။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းအစီအစဉ် (၆) ရပ်ပါ ဆဋ္ဌမမြောက်အချက်ကို အကောင်အထည်ဖော် ဆောင်ရွက်မှုအနေဖြင့် သက်ဆိုင်ရာဌာနများ၏ ကြီးကြပ်မှုအောက်ရှိ ရုံးဌာနခွဲများ၌ ဝန်ဆောင်မှုရယူခဲ့သော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code “1111” အသုံးပြုပြီး SMS မှတစ်ဆင့် မေးခွန်းများ ပေးပို့မေးမြန်းခြင်းဖြင့် တုံ့ပြန်မှုရယူကာ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရေးအတွက် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme - PFP) ကို ဆောင်ရွက်လျက်ရှိပါသည်။

၄၈။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အသုံးပြုခြင်းဖြင့် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများ၏ အားနည်းချက်များ ပြုပြင်နိုင်ခြင်း၊ အသေးစား အဂတိလိုက်စားမှုများ လျော့ချနိုင်ခြင်း၊ အစိုးရနှင့်ပြည်သူများအကြား ယုံကြည်မှုတည်ဆောက်နိုင်ခြင်းစသည့်အကျိုးကျေးဇူးများ ရရှိနိုင်သည့်အတွက် ယင်းအစီအစဉ် အသုံးပြုဆောင်ရွက်နိုင်ရေး ညှိနှိုင်းခဲ့ခြင်းနှင့် ဌာနများက ၎င်းတို့၏ သဘောဆန္ဒအလျောက် အသုံးပြုဆောင်ရွက်လိုကြောင်း ညှိနှိုင်းခဲ့ခြင်းတို့ကြောင့် ၂၀၂၁ ခုနှစ်တွင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း (၁၃) ခုတွင် ဆောင်ရွက်ခဲ့ရာမှ ၂၀၂၄ ခုနှစ်အထိ ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း (၃၂) ခုနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ (၁) ခုတို့တွင် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အသုံးပြုနိုင်ခဲ့ပါသည်။

၄၉။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို Short Code “1111” ဖြင့် အသုံးပြုနိုင်ရေးအတွက် ကော်မရှင်ရုံးနှင့် ဆက်သွယ်ရေးအော်ပရေတာ (၄) ခုတို့အကြား ချုပ်ဆို

ထားသည့် သဘောတူညီချက် (Letter of Intent-LOI) များကို ၁-၁၁-၂၀၂၄ ရက်နေ့မှ ၃၁-၁၀-၂၀၂၅ ရက်နေ့ထိ တစ်နှစ်သက်တမ်းတိုး လက်မှတ်ရေးထိုးခဲ့ပါသည်။

၅၀။ ကော်မရှင်အနေဖြင့် နိုင်ငံတော်၏မူဝါဒနှင့်အညီ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများအား ထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ပိုမို အဆင်ပြေလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် အများပြည်သူထံမှတုံ့ပြန်မှုရယူခြင်းအစီအစဉ် ဆောင်ရွက်ရာတွင် SMS ပေးပို့မှု ကုန်ကျစရိတ်များကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှစ၍ ကော်မရှင်ရုံး၏ ဘတ်ဂျက်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ ကျခံသုံးစွဲလျက်ရှိပါသည်။

၅၁။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို ၂၀၂၄ ခုနှစ်တွင် ကော်မရှင် အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း (၃၂) ခုတွင် CPU Account (၁၁၅) ခု၊ DEO Account (၁၃၁၄) ခုဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့တွင် CPU Account (၁) ခု၊ DEO Account (၆) ခုဖြင့်လည်းကောင်း အသုံးပြုဆောင်ရွက်လျက်ရှိပြီး PFP အသုံးပြု လျက်ရှိမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ဌာန/ အဖွဲ့အစည်း | CPU Account | DEO Account |
|---|---|---|---|
| **ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း** | | | |
| ၁ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၁ | ၆ |
| ၂ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ၁ | ၁ |
| ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၆ | ၈၂ |
| ၄ | ပြည်ထဲရေးဝန်ကြီးဌာန | ၇ | ၁၂၁ |
| ၅ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၁၁ | ၁၉၀ |
| ၆ | နိုင်ငံခြားရေးဝန်ကြီးဌာန | ၁ | ၂ |
| ၇ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၃) | ၁ | ၁ |
| ၈ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၂ | ၂၈ |

| စဉ် | ဌာန/ အဖွဲ့အစည်း | CPU Account | DEO Account |
|---|---|---|---|
| ၉ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ၁ | ၂၂ |
| ၁၀ | ပြန်ကြားရေးဝန်ကြီးဌာန | ၃ | ၂၀ |
| ၁၁ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ၂ | ၁၁ |
| ၁၂ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၆ | ၆၇ |
| ၁၃ | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | ၆ | ၂၄ |
| ၁၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၁၂ | ၉၄ |
| ၁၅ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ၃ | ၁၁၆ |
| ၁၆ | စွမ်းအင်ဝန်ကြီးဌာန | ၂ | ၁၂ |
| ၁၇ | စက်မှုဝန်ကြီးဌာန | ၅ | ၃၈ |
| ၁၈ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ၁ | ၃၀ |
| ၁၉ | အလုပ်သမားဝန်ကြီးဌာန | ၄ | ၉ |
| ၂၀ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ၄ | ၅၄ |
| ၂၁ | ပညာရေးဝန်ကြီးဌာန | ၉ | ၁၀၈ |
| ၂၂ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ၆ | ၁၄၆ |
| ၂၃ | ကျန်းမာရေးဝန်ကြီးဌာန | ၆ | ၄၁ |
| ၂၄ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ၁ | ၇ |
| ၂၅ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၄ | ၅ |
| ၂၆ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၃ | ၃၃ |
| ၂၇ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ၁ | ၁၇ |
| ၂၈ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ၁ | ၄ |
| ၂၉ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၁ | ၄ |
| ၃၀ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၂ | ၂ |

| စဉ် | ဌာန/ အဖွဲ့အစည်း | CPU Account | DEO Account |
|---|---|---|---|
| ၃၁ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ၁ | ၅ |
| ၃၂ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၁ | ၁၄ |
| စုစုပေါင်း | | ၁၁၅ | ၁၃၁၄ |
| တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | | | |
| ၁ | ကချင်ပြည်နယ် | ၁ | ၆ |
| စုစုပေါင်း | | ၁ | ၆ |

**PFP Web Portal အသုံးပြုနည်း သင်တန်းပို့ချခြင်း**

၅၂။ ကော်မရှင်အနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များတွင် PFP Web Portal ကို အဆင်ပြေစွာ အသုံးပြုဆောင်ရွက်နိုင်ရေး အတွက် PFP အသုံးပြုနည်းသင်တန်းများ ပို့ချပေးလျက်ရှိရာ ၂၀၂၄ ခုနှစ်အတွင်း သင်တန်း ပို့ချပေးရန် ညှိနှိုင်းလာသည့် အောက်ပါဌာနများသို့ ကော်မရှင်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက သွားရောက်ပို့ချပေးခဲ့ပါသည်-

| စဉ် | ဌာန/အဖွဲ့အစည်း အမည် | ရက်စွဲ | ဦးရေ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ပညာရေးဝန်ကြီးဌာန | ၂၈-၅-၂၀၂၄ | ၄၄ | Online |
| | | ၂၉-၁၀-၂၀၂၄<br>၃၀-၁၀-၂၀၂၄ | ၉၅ | In-person |
| ၂ | ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၊လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန | ၂၄-၆-၂၀၂၄ | ၁၅၄ | In-person |

| စဉ် | ဌာန/အဖွဲ့အစည်း အမည် | ရက်စွဲ | ဦးရေ | မှတ်ချက် |
|---|---|---|---|---|
| ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | ၂၃-၈-၂၀၂၄ | ၃၆ | Hybrid |
| ၄ | စွမ်းအင်ဝန်ကြီးဌာန | ၂၇-၉-၂၀၂၄ | ၂၀ | In-person |
| | စုစုပေါင်း | | ၃၄၉ | |



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၌ PFP Web Portal အသုံးပြုနည်းသင်တန်းပို့ချခြင်း



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ PFP Web Portal အသုံးပြုနည်းသင်တန်းပို့ချခြင်း



စွမ်းအင်ဝန်ကြီးဌာန၌ PFP Web Portal အသုံးပြုနည်း သင်တန်းပို့ချခြင်း



ပညာရေးဝန်ကြီးဌာန၌ PFP Web Portal အသုံးပြုနည်း သင်တန်းပို့ချခြင်း

၅၃။ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့အနေဖြင့် ၂၀၂၄ ခုနှစ်တွင် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို PFP Web Portal အသုံးပြု၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်-

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း | Campaign အရေအတွက် | ပေးပို့ခဲ့သည့် ပြည်သူဦးရေ | ပြန်ကြားလာသည့် ပြည်သူဦးရေ | တုံ့ပြန်မှု ရာနိုင်နှုန်း (%) |
|---|---|---|---|---|---|
| **ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း** | | | | | |
| ၁ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၇၆ | ၁၆၇၆ | ၁၀၁ | ၆ |
| ၂ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ၅၈ | ၁၅၃ | ၄၁ | ၂၇ |
| ၃ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၅၃ | ၁၀၇၀၀ | ၁၀၀ | ၁ |
| ၄ | ပြည်ထဲရေးဝန်ကြီးဌာန | ၂၂၉၈ | ၁၂၀၈၃၆ | ၁၀၆၂၈ | ၉ |
| ၅ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၃၀၁၅ | ၅၇၇၂၅ | ၄၅၃၀ | ၈ |
| ၆ | နိုင်ငံခြားရေးဝန်ကြီးဌာန | ၂၉၆ | ၆၉၈၉ | ၇၅၄ | ၁၁ |
| ၇ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၃) | ၁၁ | ၁၅ | ၁၀ | ၆၇ |
| ၈ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၈၈ | ၈၃၁ | ၂၁၆ | ၂၆ |
| ၉ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ၁၀၃ | ၆၄၁ | ၆၂ | ၁၀ |
| ၁၀ | ပြန်ကြားရေးဝန်ကြီးဌာန | ၃၀ | ၁၄၅၁ | ၅၈ | ၄ |
| ၁၁ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ၉၃ | ၃၁၇၁ | ၁၅၃ | ၅ |
| ၁၂ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၂၇၀ | ၁၄၈၉၇ | ၁၀၆၈ | ၇ |
| ၁၃ | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | ၇၈ | ၁၆၈၂ | ၁၅၈ | ၉ |

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း | Campaign အရေအတွက် | ပေးပို့ခဲ့သည့် ပြည်သူဦးရေ | ပြန်ကြားလာသည့် ပြည်သူဦးရေ | တုံ့ပြန်မှု ရာခိုင်နှုန်း (%) |
|---|---|---|---|---|---|
| ၁၄ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၁၂၃ | ၃၂၆၀ | ၃၈၂ | ၁၂ |
| ၁၅ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ၆၁ | ၅၂၈၉ | ၁၄၃ | ၃ |
| ၁၆ | စွမ်းအင်ဝန်ကြီးဌာန | ၈ | ၅၇ | ၃၅ | ၆၁ |
| ၁၇ | စက်မှုဝန်ကြီးဌာန | ၁၃ | ၁၁၆၇ | ၁၁၆ | ၁၀ |
| ၁၈ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ၁၅၁ | ၆၄၁ | ၉၃ | ၁၅ |
| ၁၉ | အလုပ်သမားဝန်ကြီးဌာန | ၁၂၂ | ၁၅၃၇၃ | ၁၀၆၂ | ၇ |
| ၂၀ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | ၁၂၈ | ၂၄၉၆ | ၂၆၂ | ၁၀ |
| ၂၁ | ပညာရေးဝန်ကြီးဌာန | ၅ | ၂၄၃ | ၂၈ | ၁၂ |
| ၂၂ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ၁၆၅ | ၅၁၈၄ | ၂၆၂ | ၅ |
| ၂၃ | ကျန်းမာရေးဝန်ကြီးဌာန | ၄၆၈ | ၆၃၉၇ | ၅၇၇ | ၉ |
| ၂၄ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ၁၉ | ၁၄၁၈ | ၃၇၈ | ၂၇ |
| ၂၅ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၅၂ | ၈၃၂ | ၁၀၅ | ၁၃ |
| ၂၆ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၅၂ | ၁၃၅၅ | ၂၇၉ | ၂၁ |
| ၂၇ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ၃၇ | ၅၇၂ | ၂၇ | ၅ |
| ၂၈ | တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန | ၉ | ၁၅၃ | ၄ | ၃ |
| ၂၉ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၂၀ | ၈၁၂ | ၃၂၁ | ၄၀ |
| ၃၀ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | - | - | - | - |

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း | Campaign အရေအတွက် | ပေးပို့ခဲ့သည့် ပြည်သူ ဦးရေ | ပြန်ကြားလာသည့် ပြည်သူ ဦးရေ | တုံ့ပြန်မှု ရာခိုင်နှုန်း (%) |
|---|---|---|---|---|---|
| ၃၁ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ၅၃ | ၄၈၇ | ၁၁၇ | ၂၄ |
| ၃၂ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၂၅၂ | ၃၂၃၆ | ၅၆၅ | ၁၈ |
| **စုစုပေါင်း** | | **၈၂၀၇** | **၂၆၉၇၃၉** | **၂၂၆၃၅** | **၈** |
| **တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့** | | | | | |
| ၁ | ကချင်ပြည်နယ် | ၅၃ | ၅၁၇ | ၄၀ | ၈ |
| **စုစုပေါင်း** | | **၅၃** | **၅၁၇** | **၄၀** | **၈** |

၅၄။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ပြည်သူများ၏ တုံ့ပြန်ဖြေကြားချက်များ၊ အကြံပြုချက်များနှင့်စပ်လျဉ်း၍ ပြည်သူများထံဆက်သွယ်၍ လိုအပ်သည်များ ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

# အခန်း(၄)

# စုံစမ်းစစ်ဆေးခြင်းနှင့်

# အရေးယူဆောင်ရွက်ခြင်း

# ဥပဒေမူဘောင် ခိုင်မာရေး

၅၅။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၂၃) ဖြင့် ၇-၈-၂၀၁၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ၁၇-၉-၂၀၁၃ ရက်နေ့၌ စတင်အာဏာတည်ခဲ့ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပဉ္စမအကြိမ်အထိ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။

၅၆။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၁၅-၂-၂၀၂၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ် ၃၆/၂၀၂၃ ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအား ပြန်လည်သုံးသပ်ရေး အဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန် (၅) ရပ် ချမှတ်ပေးခဲ့ပါသည်။ အဆိုပါ အဖွဲ့သည် ပေးအပ်ထားသော လုပ်ငန်းတာဝန်များနှင့်အညီ အစည်းအဝေး (၅) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး သုံးသပ်ချက်အစီရင်ခံစာကို ၈-၁၂-၂၀၂၃ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြခဲ့ပါသည်။

၅၇။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး၊ မူလနည်းဥပဒေများအား လက်တွေ့ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် အားနည်းချက်များကို ကုစားနိုင်ရန်အတွက် အဂတိ လိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေများ(မူကြမ်း) အသစ်ကို ပြန်လည်ရေးဆွဲ၍ ၂၄-၈-၂၀၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ကော်မရှင်အစည်းအဝေးဆုံးဖြတ်ချက်အရ ဥပဒေပြင်ဆင်သည့် ကိစ္စရပ်များ ပြီးမြောက်ပါက ဥပဒေပြင်ဆင်ချက်များနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းဥပဒေအသစ် ထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။


၅၈။ အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများအားအကာအကွယ်ပေးရေး ဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ အမှာစာပြန်လည်ပြုစုတင်ပြရန် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီမှ ၁၆-၂-၂၀၂၁ ရက်နေ့တွင် ပြန်လည်ပေးပို့လာမှုအပေါ် ဥပဒေ ရေးရာလုပ်ငန်းကော်မတီက ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ၂၁-၇-၂၀၂၂ ရက်နေ့တွင် ဖြည့်စွက်ပြင်ဆင်လိုသည်များရှိပါက ပေးပို့နိုင်ပါရန် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း (၃၇) ခုသို့

ပထမအကြိမ် အကြံပြုချက်များ တောင်းခံခဲ့ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း (၂၃) ခုတို့မှ အကြံပြုချက်များ ပြန်လည်ပေးပို့လာခဲ့ပါသည်။ ပြန်လည်ပေးပို့လာသည့် အကြံပြုချက်များအပေါ် ဥပဒေရေးရာလုပ်ငန်းကော်မတီက ညှိနှိုင်းအစည်းအဝေး (၆) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ပြင်ဆင်ရေးဆွဲခဲ့ပါသည်။ အကြံပြုချက်များအရ ပြင်ဆင်ရေးဆွဲထားသည့် အများပြည်သူအကျိုးထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေးဥပဒေ (မူကြမ်း) အား ၂၈-၇-၂၀၂၃ ရက်နေ့တွင် ထပ်မံဖြည့်စွက် ပြင်ဆင်လိုသည်များရှိပါက ပေးပို့နိုင်ပါရန် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း (၄၀) ခုသို့ ဒုတိယအကြိမ် အကြံပြုချက်များ ထပ်မံတောင်းခံခဲ့ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း (၁၉) ခုတို့မှ အကြံပြုချက်များ ပြန်လည် ပေးပို့လာခဲ့ပါသည်။

၅၉။ အဆိုပါအကြံပြုချက်များအပေါ် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး ကော်မရှင်က စိစစ်ပြင်ဆင်ရေးဆွဲထားသည့် အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေးဥပဒေ(မူကြမ်း)ကို ၂၄-၉-၂၀၂၄ ရက်နေ့တွင် ဥပဒေရေးရာဝန်ကြီးဌာနသို့ ပေးပို့၍ အကြံပြုချက်တောင်းခံထားရှိပြီး ဖြစ်ပါသည်။

## တိုင်ကြားစာများ လက်ခံရရှိမှု

၆၀။ ၂၀၂၄ ခုနှစ်တွင် ကော်မရှင်ရုံး နေပြည်တော်သို့ တိုင်ကြားစာ (၁၁၆၆) စောင်၊ ကော်မရှင်ရုံးခွဲ (ရန်ကုန်) သို့ တိုင်ကြားစာ (၂၆) စောင်၊ ကော်မရှင်ရုံးခွဲ (မန္တလေး) သို့ တိုင်ကြားစာ (၁၆) စောင်၊ ကော်မရှင်ရုံးခွဲ (တောင်ကြီး)သို့ တိုင်ကြားစာ (၁၁) စောင်၊ ကော်မရှင်ရုံးခွဲ (မော်လမြိုင်) သို့ တိုင်ကြားစာ (၆) စောင် အပါအဝင် တိုင်ကြားစာ စုစုပေါင်း (၁၂၂၅) စောင် လက်ခံရရှိပါသည်။ ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ နှစ်အလိုက် တိုင်ကြားစာများ လက်ခံရရှိမှုမှာ တစ်ဖက်ပါ အတိုင်းဖြစ်ပါသည်-




၆၁။ ၂၀၂၄ ခုနှစ်တွင် ရောက်ရှိသည့် တိုင်ကြားစာ (၁၂၂၅) စောင်၏ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လက်ခံရရှိမှုမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် အမည် | တိုင်ကြားစာအရေအတွက် |
|---|---|---|
| ၁ | နေပြည်တော် | ၇၂ |
| ၂ | ကချင်ပြည်နယ် | ၁၆ |
| ၃ | ကယားပြည်နယ် | - |
| ၄ | ကရင်ပြည်နယ် | ၁၀ |
| ၅ | ချင်းပြည်နယ် | ၁ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၁၂ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၈၆ |
| ၉ | မကွေးတိုင်းဒေသကြီး | ၂၈ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် အမည် | တိုင်ကြားစာအရေအတွက် |
|---|---|---|
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၁၇၇ |
| ၁၁ | မွန်ပြည်နယ် | ၆၇ |
| ၁၂ | ရခိုင်ပြည်နယ် | ၃ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၄၇၃ |
| ၁၄ | ရှမ်းပြည်နယ် | ၆၁ |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၁၆၄ |
| ၁၆ | စိစစ်ဆဲ | ၄၄ |
| စုစုပေါင်း | | **၁၂၂၅** |

၆၂။ ၂၀၂၄ ခုနှစ်တွင် ကော်မရှင်မှ လက်ခံရရှိသည့် တိုင်ကြားစာများ၏ အခြေအနေအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | တိုင်ကြားစာ လက်ခံရရှိမှု | စောင်ရေ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့မှ လွှဲပြောင်းပေးပို့ခြင်း | ၁၀ |
| ၂ | ကော်မရှင်ထံ လိပ်မူ၍ တိုင်ကြားခြင်း | ၁၀၅၂ |
| ၃ | တိုင်ကြားစာ မိတ္တူပေးပို့ခြင်း | ၁၅၀ |
| ၄ | ပစ်စာ | ၁၃ |
| **စုစုပေါင်း** | | **၁၂၂၅** |

# တိုင်ကြားစာများအပေါ် စီမံဆောင်ရွက်မှု

၆၃။ ၂၀၂၄ ခုနှစ်တွင် လက်ခံရရှိသည့် တိုင်ကြားစာများအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေကို ဖော်ပြအပ်ပါသည်-

| စဉ် | အကြောင်းအရာ | အရေအတွက် | |
|---|---|---|---|
| | | စောင်ရေ | ရာခိုင်နှုန်း |
| ၁ | အရေးယူဆောင်ရွက်ပေးနိုင်သည့်တိုင်ကြားစာ | ၈၁၃ | ၆၆.၃ % |
| ၂ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် မညီညွတ်သည့်အတွက် အရေးယူဆောင်ရွက်ပေးခြင်း မပြုနိုင်သည့် တိုင်ကြားစာ (ဥပဒေနှင့်အကျုံးမဝင်ခြင်း၊ မိတ္တူ၊ ပစ်စာ၊ ရုပ်သိမ်းခြင်း) | ၃၆၈ | ၃၀.၁ % |
| ၃ | စိစစ်ဆောင်ရွက်ဆဲ တိုင်ကြားစာ | ၄၄ | ၃.၆ % |
| | **လက်ခံရရှိသည့် တိုင်ကြားစာပေါင်း** | ၁၂၂၅ | |

၆၄။ အရေးယူဆောင်ရွက်ပေးနိုင်သည့် တိုင်ကြားစာ (၈၁၃)စောင်နှင့်ပတ်သက်၍ ကော်မရှင်မှ စုံစမ်းစစ်ဆေးသည့် တိုင်ကြားစာ(၁၀)စောင်၊ ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ အရေးယူဆောင်ရွက်ရန် လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာ (၅၃၄)စောင်နှင့် တိုင်ကြားသူ တစ်ဦးချင်းထံသို့ တိုင်ကြားစာပါ အကြောင်းအရာနှင့် စပ်လျဉ်း၍ ဆောင်ရွက်သင့်သည်များကို ဖော်ပြအကြံပြုချက်များဖြင့် ပြန်ကြားပေးသည့် တိုင်ကြားစာ (၂၆၉) စောင် ဖြစ်ပါသည်။

# တိုင်ကြားစာများ လွှဲပြောင်းပေးပို့မှု

၆၅။ ၂၀၂၄ ခုနှစ်တွင် ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အဖွဲ့များအနေဖြင့်သာ အရေးယူဆောင်ရွက်သင့်သည့် စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ တိုင်ကြားစာများအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၆(ဍ) အရ သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများသို့ လွှဲပြောင်းပေးပို့မှုကို ဖော်ပြအပ်ပါသည်-

| စဉ် | ဌာနအမည် | စောင်ရေ |
|---|---|---|
| ၁ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၃၇ |
| ၂ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၂ |
| ၃ | ကာကွယ်ရေးဝန်ကြီးဌာန | ၁၀ |
| ၄ | ပြည်ထဲရေးဝန်ကြီးဌာန | ၁၀၄ |
| ၅ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၁၅ |
| ၆ | ဥပဒေရေးရာဝန်ကြီးဌာန | ၁၆ |
| ၇ | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ၆ |
| ၈ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၆၁ |
| ၉ | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | ၆ |
| ၁၀ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၈ |
| ၁၁ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၄ |
| ၁၂ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ၇ |
| ၁၃ | စွမ်းအင်ဝန်ကြီးဌာန | ၄ |

| စဉ် | ဌာနအမည် | စောင်ရေ |
|---|---|---|
| ၁၄ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ၅ |
| ၁၅ | အလုပ်သမားဝန်ကြီးဌာန | ၄ |
| ၁၆ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ၅ |
| ၁၇ | ပညာရေးဝန်ကြီးဌာန | ၂၀ |
| ၁၈ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ၅ |
| ၁၉ | ကျန်းမာရေးဝန်ကြီးဌာန | ၅ |
| ၂၀ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၇ |
| ၂၁ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ၁ |
| ၂၂ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ၃ |
| ၂၃ | စက်မှုဝန်ကြီးဌာန | ၂ |
| ၂၄ | အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | ၁ |
| ၂၅ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၁ |
| ၂၆ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ၁ |
| ၂၇ | နေပြည်တော်ကောင်စီ | ၁၃ |
| ၂၈ | ကချင်ပြည်နယ်အစိုးရ | ၂ |
| ၂၉ | ကရင်ပြည်နယ်အစိုးရ | ၃ |
| ၃၀ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ | ၁ |
| ၃၁ | တနင်္သာရီတိုင်းဒေသကြီးအစိုးရ | ၃ |

| စဉ် | ဌာနအမည် | စောင်ရေ |
|---|---|---|
| ၃၂ | ပဲခူးတိုင်းဒေသကြီးအစိုးရ | ၁၀ |
| ၃၃ | မကွေးတိုင်းဒေသကြီးအစိုးရ | ၅ |
| ၃၄ | မန္တလေးတိုင်းဒေသကြီးအစိုးရ | ၂၉ |
| ၃၅ | မွန်ပြည်နယ်အစိုးရ | ၁၆ |
| ၃၆ | ရခိုင်ပြည်နယ်အစိုးရ | - |
| ၃၇ | ရန်ကုန်တိုင်းဒေသကြီးအစိုးရ | ၇၃ |
| ၃၈ | ရှမ်းပြည်နယ်အစိုးရ | ၁၀ |
| ၃၉ | ဧရာဝတီတိုင်းဒေသကြီးအစိုးရ | ၂၈ |
| ၄၀ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၁ |
| **စုစုပေါင်း** | | **၅၃၄** |

## စုံစမ်းစစ်ဆေးတရားစွဲတင်ပို့မှုနှင့် လွှဲပြောင်းပေးပို့မှု

၆၆။ ၂၀၂၄ ခုနှစ်တွင် တိုင်ကြားစာ (၁၀) စောင်အား စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့ရာ လူပုဂ္ဂိုလ် (၄၂) ဦးအား ရာဇဝတ်ကြီးမှု (၂၇) မှု၊ ရာဇဝတ် အထွေထွေမှု (၆) မှုတို့ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး တရားလွှတ်တော်တို့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအရ တရားစွဲတင်ပို့ခဲ့ပြီး နိုင်ငံ့ဝန်ထမ်း (၂၁) ဦးတို့အား အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၀ (ခ) နှင့်အညီ သက်ဆိုင်ရာ ဌာနများသို့ လွှဲပြောင်းပေးပို့ အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

၆၇။ ၂၀၂၄ ခုနှစ်တွင် စုံစမ်းစစ်ဆေးခဲ့သည့် တိုင်ကြားစာအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေအရ လူပုဂ္ဂိုလ်များအပေါ် အရေးယူဆောင်ရွက်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| **စဉ်** | **ရာထူးအဆင့်** | **ဦးရေ** |
|---|---|---|
| ၁ | နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ | ၁ |
| ၂ | အဆင့်မြင့်အရာရှိ | ၁ |
| ၃ | အရာထမ်း | ၂၀ |
| ၄ | အမှုထမ်း | ၂ |
| ၅ | အခြားပုဂ္ဂိုလ် | ၁၈ |
| | **စုစုပေါင်း** | **၄၂** |

၆၈။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးပေါ်ပေါက်ချက်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၀(ခ) ဖြင့် နိုင်ငံ့ဝန်ထမ်းများအပေါ် အရေးယူဆောင်ရွက်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| **စဉ်** | **ရာထူးအဆင့်** | **ဦးရေ** |
|---|---|---|
| ၁ | အဆင့်မြင့်အရာရှိ | - |
| ၂ | အရာထမ်း | ၂၀ |
| ၃ | အမှုထမ်း | ၁ |
| | **စုစုပေါင်း** | **၂၁** |

၆၉။ ၂၀၂၄ ခုနှစ်တွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၆ (ဃ) အရ လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာများအပေါ် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများမှ ဝန်ထမ်းစည်းကမ်းအရ အရေးယူဆောင်ရွက်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ဌာနအမည် | စာဖြင့်သတိပေး | နှစ်တိုးလစာရပ်ဆိုင်း | ရာထူးတိုးရပ်ဆိုင်း | လစာနှုန်းထားလျှော့ | ရာထူးအဆင့်လျှော့ | ရာထူးမှထုတ်ပယ် | ဝန်ထမ်းမှထုတ်ပစ် | ရဲစည်းကမ်းအရ | တာဝန်မှရပ်စဲ | ပြောင်းရွှေ့ခြင်း | စစ်ဘက်တရားစီရင်ရေးအရ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၃ | | ၁ | | | | | | | | | ၄ |
| ၂ | ကာကွယ်ရေးဝန်ကြီးဌာန | ၁ | | | | | | | | | | ၃ | ၄ |
| ၃ | ပြည်ထဲရေးဝန်ကြီးဌာန | ၅၀ | | ၄ | | ၅ | ၁ | ၃ | ၄၁ | ၂ | ၂ | | ၁၀၈ |
| ၄ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | | | | | ၁ | | | | | | | ၁ |
| ၅ | ဥပဒေရေးရာဝန်ကြီးဌာန | ၃ | | | | | | | | | | | ၃ |
| ၆ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၁၆ | ၂ | ၃ | ၁ | ၂ | | ၁ | | | ၃ | | ၂၈ |
| ၇ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ၆ | ၃ | | | | | | | | ၂ | | ၁၁ |
| ၈ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | | | ၂ | | | | | | | | | ၂ |
| ၉ | ပညာရေးဝန်ကြီးဌာန | ၉ | ၂ | ၁ | | | | | | | | | ၁၂ |
| ၁၀ | သံယဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၈ | ၅ | | ၂ | | ၃ | | | | | | ၁၈ |
| ၁၁ | ကျန်းမာရေးဝန်ကြီးဌာန | ၃ | | | | | ၃ | ၁ | | | ၁ | | ၈ |
| ၁၂ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၁ | | ၂ | | | | | | | ၃ | | ၆ |
| ၁၃ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | | | | | | ၁ | ၁ | | | | | ၂ |
| ၁၄ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၂ | | | | | | | | | | | ၂ |
| ၁၅ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | ၂ | | | | | | | | | | | ၂ |
| ၁၆ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | | | | | ၁ | | | | | | | ၁ |
| ၁၇ | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | ၃ | | | | | | | | | | | ၃ |
| ၁၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ၁ | | | | | | | | | | | ၁ |
| | ပေါင်း | ၁၀၈ | ၁၂ | ၁၃ | ၃ | ၉ | ၈ | ၆ | ၄၁ | ၂ | ၁၁ | ၃ | ၂၁၆ |

| စဉ် | ဌာနအမည် | စာဖြင့်သတိပေး | နှစ်တိုးလစာရပ်ဆိုင်း | ရာထူးတိုးရပ်ဆိုင်း | လစာနှုန်းထားလျှော့ | ရာထူးအဆင့်လျှော့ | ရာထူးမှထုတ်ပယ် | ဝန်ထမ်းမှထုတ်ပယ် | ရဲစည်းကမ်းအရ | တာဝန်မှရပ်စဲ | ပြောင်းရွှေ့ခြင်း | စစ်ဘက်တရားစီရင်ရေးအရ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော်ကောင်စီ | ၃ | | | | | | | | | | | ၃ |
| ၂ | ကရင်ပြည်နယ်အစိုးရအဖွဲ့ | ၄ | | ၂ | | | | | | | | | ၆ |
| ၃ | ချင်းပြည်နယ်အစိုးရအဖွဲ့ | | | | | | | | | | | | - |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | | | | | | | | | | | | - |
| ၅ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | | | | | | | | | ၁ | | | ၁ |
| ၆ | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၇ | | | | | | | | ၅ | | | ၁၂ |
| ၇ | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၂ | ၁ | | | | ၁ | | | ၁ | | | ၅ |
| ၈ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၆ | | | | ၁ | | | | ၁ | | | ၈ |
| ၉ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၃ | | | | | | | | ၃ | | | ၆ |
| ၁၀ | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ၁ | ၁ | | | | | | | | | | ၂ |
| ၁၁ | ရှမ်းပြည်နယ်အစိုးရအဖွဲ့ | ၁ | | | | | | | | ၁ | | | ၂ |
| ၁၂ | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၁၉ | | | ၂ | | | | | ၄ | ၁ | | ၂၆ |
| | **ပေါင်း** | ၄၆ | ၂ | ၂ | ၂ | ၁ | ၁ | - | - | ၁၆ | ၁ | - | ၇၁ |
| | **စုစုပေါင်း** | ၁၅၄ | ၁၄ | ၁၅ | ၅ | ၁၀ | ၉ | ၆ | ၄၁ | ၁၈ | ၁၂ | ၃ | ၂၈၇ |

## တိုင်ကြားသူများနှင့် လက်ခံတွေ့ဆုံဆွေးနွေးမှု

၇၀။ ကော်မရှင်သည် တိုင်ကြားစာများမှ နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူ ဆောင်ရွက်သင့်သည့် တိုင်ကြားစာများအား သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်နိုင်ရန် လွှဲပြောင်းပေးပို့ခြင်း၊ ဆောင်ရွက်ရန် အကြောင်းပေါ်ပေါက်ခြင်းမရှိကြောင်းနှင့် မည်သို့ဆောင်ရွက်သင့်ကြောင်းကို တိုင်ကြားသူတစ်ဦးချင်းထံ ပြန်ကြားခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ်တွင်

တိုင်ကြားသူ (၂၉) ဦးအား တယ်လီဖုန်းဖြင့် ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး တိုင်ကြားသူ (၁၄) ဦးအား လက်ခံတွေ့ဆုံ/ဆွေးနွေး/ ဖြေရှင်းခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

## အဂတိလိုက်စားမှုကြောင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာသိမ်းဆည်းနိုင်မှု၊ နိုင်ငံ့ဘဏ္ဍာပြန်လည်ပေးသွင်းနိုင်မှုနှင့် ကာကွယ်နိုင်မှု

၇၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ၂၀၂၄ ခုနှစ်အတွင်း စုံစမ်းစစ်ဆေးခဲ့ပြီး တရားစွဲတင်ပို့ခဲ့သည့် အမှုများနှင့် တိုင်ကြားစာများအပေါ် စိစစ်ဆောင်ရွက်ခဲ့မှုတို့အရ ပြည်သူ့ဘဏ္ဍာ သိမ်းဆည်းနိုင်မှုမှာ နိုင်ငံခြားငွေ USD ၁၉၀၀၊ မြန်မာငွေကျပ် သိန်းပေါင်း ၁၀၃၀.၄၈၉၊ နိုင်ငံ့ဘဏ္ဍာပြန်လည်ပေးသွင်းနိုင်မှုမှာ မြန်မာငွေကျပ် သိန်းပေါင်း ၂၇၀၉.၀၄၃ နှင့် ကာကွယ်နိုင်မှုမှာ မြန်မာငွေကျပ် သိန်းပေါင်း ၃၃၂.၀၄၇ တို့ဖြစ်ပါသည်။

၇၂။ ကော်မရှင်သည် ၂၀၂၄ ခုနှစ်ထိ စုံစမ်းစစ်ဆေးခဲ့ပြီး တရားစွဲတင်ပို့ခဲ့သည့် အမှုများနှင့် တိုင်ကြားစာများအပေါ် စိစစ်ဆောင်ရွက်ခဲ့မှုတို့အရ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းနိုင်မှု၊ နိုင်ငံ့ဘဏ္ဍာပြန်လည်ပေးသွင်းနိုင်မှုနှင့် နိုင်ငံတော် နစ်နာဆုံးရှုံးမှုမရှိစေရေး ကာကွယ်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | နိုင်ငံခြားငွေ | မြန်မာငွေ |
|---|---|---|---|
| ၁ | ပြည်သူ့ဘဏ္ဍာသိမ်းဆည်းနိုင်မှုနှင့် နိုင်ငံ့ဘဏ္ဍာပြန်လည်ပေးသွင်းနိုင်မှု | USD ၄ သန်းကျော် | ၂၇.၃၃ ဘီလီယံကျော် |
| ၂ | ကာကွယ်နိုင်မှု | ယူရို ၃ သန်းကျော် | ၁၅၆ ဘီလီယံကျော် |

# အခန်း(၅)

# ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း

# အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပခြင်း




၇၃။ ကော်မရှင်သည် ဒီဇင်ဘာလ ၉ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ၂၀၁၇ ခုနှစ်မှ စတင်၍ ကျင်းပပြုလုပ်ခဲ့ပြီး (၂၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I)၊ ကျောက်စိမ်းခန်းမ၌ ၉-၁၂-၂၀၂၄ ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

၇၄။ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်မှအရာရှိကြီးများ၊

ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲ များမှ ပြိုင်ပွဲစိစစ်ရေး ဆပ်ကော်မတီအဖွဲ့ဝင်များ၊ ပြိုင်ပွဲများမှ ဆုရရှိသူများနှင့် အုပ်ထိန်းသူများ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း အမှတ် (၅၊ ၆၊ ၁၀၊ ၁၁) မှ ဆရာ/ ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများနှင့် ကော်မရှင်ရုံး ဝန်ထမ်းများ စုစုပေါင်း (၄၉၇) ဦးသည် In-Person ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် (၁၄) ဦးသည် Online ဖြင့်လည်းကောင်း စုစုပေါင်း အင်အား (၅၁၁) ဦး တက်ရောက်ခဲ့ပါသည်။

၇၅။ အဆိုပါ အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်က အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ဖွင့်ပွဲဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခြင်း၊ အဖွင့်အမှာစကား ပြောကြားခြင်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါး ပြိုင်ပွဲများမှ ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



၇၆။ ထို့နောက် ကော်မရှင်ဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ ကော်မရှင် အထိမ်းအမှတ်တံဆိပ်အား ဂါရဝပြုပေးအပ်ခဲ့ပြီး ကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ဆက်လက်ပြီး အခမ်းအနားအစီအစဉ်အရ အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် Video Clip ပြသခြင်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆိုင်ရာ အသိပညာပေးပြခန်း ခင်းကျင်းပြသခြင်းများ ဆောင်ရွက်ခဲ့ပါသည်။




## နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ

၇၇။ ၂၀၂၄ ခုနှစ်အတွင်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ကြီးကြပ်ရေးကော်မရှင် (Yunan Provincial Commission of Supervision) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Fang Zhiming ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ကော်မရှင် အဖွဲ့ဝင် ဦးဝင်းတည် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့ ၂၆-၄-၂၀၂၄ ရက် တွင် ကော်မရှင်ရုံးခွဲ (ရန်ကုန်)၌ တွေ့ဆုံ၍ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးနှင့်

ယှဉ်တွဲ၍ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကျောင်းသားလူငယ်များအား အသိပညာပေးခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများအား အသိပညာပေးခြင်းဆိုင်ရာ အစီအမံများ၊ မြန်မာနိုင်ငံ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ပါသည်။



(ခ ) တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ကြီးကြပ်ရေးကော်မရှင် (Yunan Provincial Commission of Supervision) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Fang Zhiming ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ကော်မရှင် အဖွဲ့ဝင် ဦးသန်းစိုး ဦးဆောင်သော ကော်မရှင်ရုံးခွဲ (မန္တလေး) တာဝန်ခံကိုယ်စားလှယ်အဖွဲ့တို့ ၂၉-၄-၂၀၂၄ ရက်တွင် ဆည်မြောင်းဧည့်ရိပ်သာ (မန္တလေး) ၌ တွေ့ဆုံ၍ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးနှင့် ယှဉ်တွဲ၍ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကျောင်းသားလူငယ်များအား အသိပညာပေးခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများအား အသိပညာပေးခြင်းဆိုင်ရာ အစီအမံများ၊ မြန်မာနိုင်ငံ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ပါသည်။



(ဂ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံး၏ Grand Department of Criminal Court Proceeding မှ ဌာနအကြီးအကဲဖြစ်သူ Mr. BAZHUTOV Sergey ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၂၇-၁၁-၂၀၂၄ ရက်နေ့တွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ လက်ခံတွေ့ဆုံ၍ ရှေ့ဆက်ဆောင် ရွက်မည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ နှင့် အဂတိလိုက်စားမှုနှင့်စပ်လျဉ်းသည့် နိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာကိစ္စရပ် များကို ဆွေးနွေးခဲ့ပါသည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အတွင်းရေးမှူး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ ပါဝင် တက်ရောက်ခဲ့ပါသည်။



၇၈။ ၂၀၂၄ ခုနှစ်တွင် ပြည်တွင်း/ ပြည်ပ အစည်းအဝေးများသို့ In-Person/ Virtual စနစ်တို့ဖြင့် တက်ရောက်ခဲ့မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ပြည်ပအစည်းအဝေးများသို့ In-Person ဖြင့် တက်ရောက်ခဲ့မှု**

(၁) ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ၇-၆-၂၀၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် "The Second International Conference on Anti- Corruption Innovations in Southeast Asia" ညီလာခံသို့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုမြတ်နိုင် ပါဝင်တက်ရောက်ခဲ့ပါသည်။




(၂) လာအိုနိုင်ငံ၊ လွမ်ပရာဘမ်မြို့၌ ၉-၇-၂၀၂၄ ရက်နေ့မှ ၁၁-၇-၂၀၂၄ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် ASEAN-PAC ၏ (၂၀) ကြိမ်မြောက်ရုံးအဖွဲ့အစည်းအဝေးသို့ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်စိုးနှင့် ဦးစီးအရာရှိ ဦးချမ်းငြိမ်းသူတို့ ပါဝင်တက်ရောက်ခဲ့ပါသည်။



(၃) UNODC က ကြီးမှူး၍ ၂၈-၈-၂၀၂၄ ရက်နေ့မှ ၆-၉-၂၀၂၄ ရက်နေ့အထိ ဗီယင်နာ အပြည်ပြည်ဆိုင်ရာစင်တာ၌ ကျင်းပခဲ့သည့် "The United Nations Convention against Corruption (UNCAC) ၏ The First Resumed 15th Session of the Implementation Review Group (IRG)" အစည်းအဝေးသို့ ဗီယင်နာမြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ သံအမတ်ကြီး ဦးမင်းသိမ်းနှင့်အတူ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးလင်းဝေအောင်တို့ ပါဝင်တက်ရောက်ခဲ့ပါသည်။




(၄) ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Vladivostok မြို့၌ ၃-၉-၂၀၂၄ ရက်နေ့မှ ၆-၉-၂၀၂၄ ရက်နေ့အထိ ကျင်းပခဲ့သည့် 9th Eastern Economic Forum သို့ ကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေး ဦးဆောင်၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းထွန်းနှင့် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမိုးတို့ ပါဝင်တက်ရောက်ခဲ့ပါသည်။



(၅) အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ ၂၄-၉-၂၀၂၄ ရက်နေ့မှ ၂၆-၉-၂၀၂၄ ရက်နေ့အထိ International Foundation for Electoral Systems (IFES) နှင့် South East Asia Parliamentarians Against Corruption (SEA-PAC) တို့မှ ပူးပေါင်းကျင်းပခဲ့သည့် "South East Asia Regional Political Finance Workshop and Anti-Corruption Multi-Stakeholder Meeting" သို့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော်ဝင်း ပါဝင်တက်ရောက်ခဲ့ပါသည်။

(၆) ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ၂၂-၁၀-၂၀၂၄ ရက်နေ့တွင် "Transforming Trust, Eradicate Corruption: A Global Unity for Integrity" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် World Anti-Corruption Conference 2024 သို့ ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း မှ Panellist အဖြစ် ပါဝင်တက်ရောက်ခဲ့ပါသည်။




(၇) UNODC က ကြီးမှူး၍ ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့ရှိ ဗီယင်နာအပြည်ပြည်ဆိုင်ရာစင်တာ၌ ၄-၁၁-၂၀၂၄ ရက်နေ့မှ ၈-၁၁-၂၀၂၄ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် "The Second Resumed $15^{th}$ Session of the Implementation Review Group (IRG)" အစည်းအဝေးသို့

ကော်မရှင်ကိုယ်စား ဗီယင်နာမြို့ရှိ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးမှ သံအမတ်ကြီး ဦးမင်းသိမ်း ဦးဆောင်သောအဖွဲ့ ပါဝင်တက်ရောက်ခဲ့ပါသည်။

(၈) အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့၌ ၂-၁၂-၂၀၂၄ ရက်နေ့မှ ၅-၁၂-၂၀၂၄ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် ASEAN-PAC ၏ (၂၀) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်းနှင့် ညွှန်ကြားရေးမှူး ဦးမျိုးသက်ပိုင်တို့ ပါဝင်တက်ရောက်ခဲ့ပါသည်။




(၉) အီသီယိုးပီးယားနိုင်ငံ၊ Addis Ababa မြို့တွင် ၁၁-၁၂-၂၀၂၄ ရက်နေ့မှ ၁၃-၁၂-၂၀၂၄ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် “International Expert Meeting on Asset Return in Sustainable Development” အစည်းအဝေးသို့ အာရှ-ပစိဖိတ်ဆိုင်ရာ ကိုယ်စားလှယ်အဖြစ် သီရိလင်္ကာနိုင်ငံ၊ The Commission to Investigation Allegations of Bribery or Corrutpion မှ Assistant Director Mr.S.M.Sabry နှင့် မြန်မာနိုင်ငံ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးလင်းဝေအောင်တို့ တက်ရောက်ခဲ့ပါသည်။



## (ခ) ပြည်ပအစည်းအဝေးများသို့ Virtual Format ဖြင့် တက်ရောက်ခဲ့မှု

(၁) IAACA နှင့် Hong Kong International Academy against Corruption (HKIAAC) တို့ပူးပေါင်းကျင်းပသည့် "Nurturing and Empowerment Our Future Leaders in Anti-Corruption Work: Stories from the Field" အစည်းအဝေးသို့ ၄-၇-၂၀၂၄ ရက်နေ့တွင် ကော်မရှင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုမြတ်နိုင် ဦးဆောင်၍ အရာထမ်း (၄) ဦးတို့ တက်ရောက်ခဲ့ပါသည်။

(၂) တရုတ်နိုင်ငံ၊ ပေကျင်းမြို့၌ ၂၄-၉-၂၀၂၄ ရက်နေ့မှ ၂၇-၉-၂၀၂၄ ရက်နေ့ထိ "The Fifth Plenary Meeting of the GlobE Network" သို့ ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး ဦးဆောင်၍ ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်နှင့် အရာထမ်း (၄)ဦးတို့ တက်ရောက်ခဲ့ပါသည်။

(၃) နယူးဇီလန် ကျောင်းသားဟောင်းများ အလုပ်အမှုဆောင်အဖွဲ့မှ စီစဉ်ပြုလုပ်သည့် Building Resilience in Uncertainty အစီအစဉ်အား ၂၇-၁၀-၂၀၂၄ ရက်နေ့တွင် ညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်နှင့် အရာထမ်း (၂) ဦးတို့ တက်ရောက်ခဲ့ပါသည်။

(၄) ၂၈-၁၁-၂၀၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် “IACA ၏ Annual Conference on Global Trends and Challenges in Preventing and Combating Corruption” အစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း ဦးဆောင်၍ အရာထမ်း (၄) ဦးနှင့် အမှုထမ်း (၁)ဦး တို့ တက်ရောက်ခဲ့ပါသည်။

## အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်မှု

၇၉။ ၂၀၂၄ ခုနှစ်တွင် ပြည်ပ အလုပ်ရုံဆွေးနွေးပွဲများသို့ In-Person ဖြင့် တက်ရောက်ခဲ့မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လာအိုနိုင်ငံ၊ လွမ်ပရာဘမ်မြို့၌ ၉-၇-၂၀၂၄ ရက်နေ့မှ ၁၀-၇-၂၀၂၄ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် ASEAN-PAC ၏ (၂၀) ကြိမ်မြောက် ရုံးအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်၍ ၁၁-၇-၂၀၂၄ ရက်နေ့တွင် UNODC နှင့် State Inspection Authority -SIA တို့ ပူးပေါင်းကျင်းပခဲ့သည့် “Strengthening Capacity on Investigation and Asset Recovery for ASEAN-PAC Authorities” အလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်စိုးနှင့် ဦးစီးအရာရှိ ဦးချမ်းငြိမ်းသူတို့ ပါဝင်တက်ရောက်ခဲ့ပါသည်။





(ခ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှန်ဟိုင်းမြို့တွင် ၁၈-၇-၂၀၂၄ ရက်နေ့မှ ၃၁-၇-၂၀၂၄ ရက်နေ့အထိ ကျင်းပသည့် "Seminar on International Criminal Justice Cooperation for Developing Countries" အလုပ်ရုံ ဆွေးနွေးပွဲသို့ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းထက် ပါဝင် တက်ရောက်ခဲ့ပါသည်။

(ဂ ) ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့၌ ၈-၁၀-၂၀၂၄ ရက်နေ့မှ ၁၀-၁၀-၂၀၂၄ ရက်နေ့အထိ ကျင်းပခဲ့သည့် "Workshop on the Effective Implementation of Recommendations Emanating from the Country Reviews in the Framework of the Mechanism for the Review of Implementation of UNCAC" သို့ ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်း ပါဝင်တက်ရောက် ခဲ့ပါသည်။



(ဃ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့တွင် ၂-၁၂-၂၀၂၄ ရက်နေ့မှ ၂၂-၁၂-၂၀၂၄ ရက်နေ့အထိ ကျင်းပခဲ့သည့် “Seminar on Public Management for ASEAN Countries” အလုပ်ရုံဆွေးနွေးပွဲသို့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စုမာသန်း ပါဝင်တက်ရောက်ခဲ့ပါသည်။




## နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်း

၈၀။ ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံးတို့အကြား လက်မှတ်ရေးထိုးထားသည့် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ (MoU) အား အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် ၄-၉-၂၀၂၄ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗလာဒီဗော့စတော့မြို့၌ (၂၀၂၄-၂၀၂၆) ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်အား ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ် H.E.Mr.Igor Kransnov တို့ လက်မှတ်ရေးထိုးခဲ့ပါသည်။



## စကားဝိုင်းဆွေးနွေးပွဲ ကျင်းပခြင်း

၈၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံး တို့ပူးပေါင်း၍ “The Round Table Discussion on Proceeds of Corruption Related Asset Recovery” နှင့် “Workshop on Issues against Corruption” တို့ကို နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ၂၇-၁၁-၂၀၂၄ ရက်တွင် ကျင်းပခဲ့ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး ဦးဆောင်၍ ကော်မရှင်အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ အရာထမ်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ စုစုပေါင်း (၅၂) ဦးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံးမှ Mr. BAZHUTOV Sergey, Mr. KIRILL Bukhtenkov, Ms. GANTSEVA Svetlana, Mr. GUDKOV Nikolay, Ms. SHIKHANOVA Anna, Mr. SHEVCHENKO Vitaly တို့ တက်ရောက်ဆွေးနွေးခဲ့ပါသည်။








အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊
ရှေ့နေချုပ်ရုံးတို့ ပူးပေါင်းကျင်းပသည့် အဂတိလိုက်စားမှု ကျူးလွန်ရာမှရရှိလာသည့်
ပိုင်ဆိုင်မှုပစ္စည်းများ ပြန်လည်ရယူရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ
The Round Table Discussion on Proceeds of Corruption Related Asset Recovery

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ

၈၂။ အဂတိလိုက်စားမှုသည် ငွေကြေးခဝါချရာတွင် အသုံးပြုသည့် ငွေအရင်းအမြစ်ထွက်ရှိသော မှုခင်းတစ်မျိုးဖြစ်ရာ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့နှင့် ပူးပေါင်း၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်နှင့် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၂၄-၂၀၂၈) လုပ်ငန်းစဉ်တို့တွင် အတူတကွ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၁၇-၂-၂၀၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၂၄ ဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အား ဖွဲ့စည်းခဲ့ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ၊ ဦးစစ်အေးက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။




**ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေးတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌမှ ဆွေးနွေးပြောကြားခြင်း**



**ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ဆောင်ရွက်ချက်များကို ဒုတိယဥက္ကဋ္ဌအနေဖြင့် တင်ပြခဲ့မှု**

## အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

၈၃။ မြန်မာနိုင်ငံအား ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) ၏ အလေးထား စိစစ်မှုများ ပြုလုပ်ရန် တောင်းဆိုခြင်းခံရသည့်နိုင်ငံနှင့် ဒေသများစာရင်းမှ ပြောင်းလဲပေးနိုင်ရန် မြန်မာနိုင်ငံ၏ လိုက်နာမှုအားနည်းချက် (၈) ချက်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် ကော်မရှင်အနေဖြင့် ၂၀၂၄ ခုနှစ်အတွင်း ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့အစည်းအဝေး (၁၂) ကြိမ် ပါဝင်တက်ရောက် ခဲ့ပါသည်။ ထို့အပြင် တိုးတက်မှုအစီရင်ခံစာအား အာရှပစိဖိတ်ဒေသတွင်း ပူးပေါင်းအဖွဲ့ထံ (၄)လ တစ်ကြိမ် ပေးပို့လျက်ရှိပြီး Action Plan ပါ အချက်များကိုလည်း ကော်မရှင်အနေဖြင့် ပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။



ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ
လုပ်ငန်းအဖွဲ့အစည်းအဝေး တက်ရောက်ခဲ့မှု

**ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသား အဆင့် မဟာဗျူဟာ (၂၀၂၄-၂၀၂၈) မူကြမ်း ရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခြင်း**

၈၄။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အမျိုးသားအဆင့်မဟာဗျူဟာ ပြန်လည် သုံးသပ်ရေးလုပ်ငန်းကော်မတီအား ၁၈-၁၂-၂၀၂၃ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက အဖွဲ့ဝင်အဖြစ် ပါဝင် ဆောင်ရွက်ခဲ့ပြီး မဟာဗျူဟာအပေါ် ပြန်လည်သုံးသပ်ခြင်း၊ အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၂၄-၂၀၂၈) မူကြမ်းရေးဆွဲခြင်း လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ အမျိုးသား အဆင့် မဟာဗျူဟာအား ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၁-၁၀-၂၀၂၄ ရက်တွင် ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၄) ၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ မဟာဗျူဟာအား နယ်ပယ် (၅) ရပ်ဖြင့် ဖွဲ့စည်းထားပြီး ရည်မှန်းချက် (၂၉) ချက်၊ လုပ်ငန်းအစီအစဉ် (၁၃၃) ချက် ပါဝင်ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အနေဖြင့် တာဝန်ခံဌာနအဖြစ် ဆောင်ရွက်ရမည့် မဟာဗျူဟာအစီအစဉ် (၃၆) ချက် ပါဝင်ပြီး ပူးပေါင်းဆောင်ရွက်ရမည့် မဟာဗျူဟာအစီအစဉ် (၂၆) ချက်ပါရှိရာ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၈၅။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ တင်ပြမှုအရ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ခွင့်ပြုချက်ဖြင့် ၁၅-၁-၂၀၂၄ ရက်နေ့မှ ၁၆-၁-၂၀၂၄ ရက်နေ့အထိ ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် အာရှပစိဖိတ်ပူးတွဲအဖွဲ့ (APJG) မျက်နှာချင်းဆိုင်အစည်းအဝေးသို့ လည်းကောင်း၊ ၂၄-၆-၂၀၂၄ ရက်နေ့မှ ၂၈-၆-၂၀၂၄ ရက်နေ့အထိ စင်္ကာပူနိုင်ငံတွင် ကျင်းပခဲ့ သည့် ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု လေ့လာသုံးသပ်ရေးအဖွဲ့ (ICRG) အစည်းအဝေးများသို့ ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းသည် မြန်မာကိုယ်စားလှယ်အဖွဲ့၏ ခေါင်းဆောင်အဖြစ် ဦးဆောင်ပါဝင် တက်ရောက် ဆွေးနွေးခဲ့ပါသည်။

## ဝန်ထမ်းအင်အား ဖွဲ့စည်းပုံ ပြင်ဆင်ဖွဲ့စည်းခြင်း

### ဖွဲ့စည်းပုံအတွင်း ဝန်ထမ်းများ ခန့်ထားခြင်း

၈၆။ ကော်မရှင်ရုံး၏ ခွင့်ပြုဖွဲ့စည်းပုံအတွင်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာလထိ ဦးစီးဌာန အလိုက် အရာထမ်း၊ အမှုထမ်းများ၏ ခွင့်ပြု၊ ခန့်ထားမှု အင်အားမှာ အောက်ပါအတိုင်းဖြစ် ပါသည်-

| စဉ် | ဦးစီးဌာန | ခွင့်ပြု | | | ခန့်ထားမှု | | |
|---|---|---|---|---|---|---|---|
| | | အရာထမ်း | အမှုထမ်း | ပေါင်း | အရာထမ်း | အမှုထမ်း | ပေါင်း |
| (က) | ကော်မရှင်ရုံးအဖွဲ့ | ၃၂ | ၇၀ | ၁၀၂ | ၁၈ | ၂၄ | ၄၂ |
| (ခ) | စီမံရေးရာဦးစီးဌာန | ၅၀ | ၂၀၇ | ၂၅၇ | ၃၇ | ၁၀၉ | ၁၄၆ |
| (ဂ) | နိုင်ငံတကာရေးရာနှင့် တားဆီး ကာကွယ်ရေးဦးစီးဌာန | ၄၂ | ၁၀၇ | ၁၄၉ | ၂၈ | ၂၇ | ၅၅ |
| (ဃ) | စုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၁၀၂ | ၂၂၉ | ၃၃၁ | ၆၈ | ၉၃ | ၁၆၁ |
| **စုစုပေါင်း** | | **၂၂၆** | **၆၁၃** | **၈၃၉** | **၁၅၁** | **၂၅၃** | **၄၀၄** |
| **နေ့စား** | | | | | | | ၄၉ |
| | | | | | | | **၄၅၃** |

၈၇။ ကော်မရှင်ရုံး၏ ခွင့်ပြုဖွဲ့စည်းပုံအတွင်းသို့ ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ကြော်ငြာခေါ်ယူ၍ စိစစ်ရွေးချယ်ပေးခဲ့သည့် ပြန်တမ်းဝင်အဆင့် ဦးစီးအရာရှိ (၁)ဦး၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ပြောင်းရွှေ့လာသည့် ဒုတိယညွှန်ကြားရေးမှူး (၁) ဦးနှင့် ဦးစီးအရာရှိ (၂) ဦး စုစုပေါင်း (၄) ဦးတို့အား လစ်လပ်လျက်ရှိသော ရာထူးနေရာများသို့ ဖြည့်တင်းခန့်ထားခဲ့ပါသည်။

၈၈။ နေ့စားဝန်ထမ်းများခန့်ထားခြင်းအနေဖြင့် ကော်မရှင်အစည်းအဝေး ဆုံးဖြတ်ချက်များအရ ကော်မရှင်ရုံး (နေပြည်တော်) နှင့် ရုံးခွဲများတွင်တာဝန်ထမ်းဆောင်ရန်အတွက် ၂၀၂၄ ခုနှစ်အတွင်း နေ့စား (ရုံးလုပ်ငန်း) (၃) ဦး၊ နေ့စား (ယာဉ်မောင်း) (၃) ဦး၊ နေ့စား (လုံခြုံရေး) (၅) ဦး၊ နေ့စား (သန့်ရှင်းရေး) (၂) ဦး၊ နေ့စား (အထွေထွေ) (၉) ဦးနှင့် နေ့စား (စိုက်ခင်း) (၁) ဦး စုစုပေါင်း နေ့စားဝန်ထမ်း (၂၃) ဦးတို့ကို ဖြည့်တင်းခန့်ထားခဲ့ပါသည်။

## ဘွဲ့ထူး ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း

၈၉။ ၂၀၂၄ ခုနှစ်အတွက် ဝဏ္ဏကျော်ထင်ဘွဲ့ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်မှုအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၄-၁-၂၀၂၄ ရက် (လွတ်လပ်ရေးနေ့)တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၄) အရ ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် (၈) ဦးတို့အား ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်အပ်နှင်းခဲ့ပါသည်-

| စဉ် | အမည် | တာဝန် | ချီးမြှင့်သည့်ဘွဲ့ |
|---|---|---|---|
| ၁ | ဦးကျော်ဝင်းသိန်း | ကော်မရှင်အဖွဲ့ဝင် | ဝဏ္ဏကျော်ထင်ဘွဲ့ |
| ၂ | ဦးအောင်မြင့်လွင် | ကော်မရှင်အဖွဲ့ဝင် | ဝဏ္ဏကျော်ထင်ဘွဲ့ |
| ၃ | ဦးသန်းစိုး | ကော်မရှင်အဖွဲ့ဝင် | ဝဏ္ဏကျော်ထင်ဘွဲ့ |
| ၄ | ဦးမောင်မောင်တင့် | ကော်မရှင်အဖွဲ့ဝင် | ဝဏ္ဏကျော်ထင်ဘွဲ့ |
| ၅ | ဒေါ်ကြူကြူဝင်း | ကော်မရှင်အဖွဲ့ဝင် | ဝဏ္ဏကျော်ထင်ဘွဲ့ |

| စဉ် | အမည် | တာဝန် | ချီးမြှင့်သည့်ဘွဲ့ |
|---|---|---|---|
| ၆ | ဦးဝင်းတည် | ကော်မရှင်အဖွဲ့ဝင် | ဝဏ္ဏကျော်ထင်ဘွဲ့ |
| ၇ | ဦးကျော်စိုးလင်း | ကော်မရှင်အဖွဲ့ဝင် | ဝဏ္ဏကျော်ထင်ဘွဲ့ |
| ၈ | ဒေါက်တာထွန်းထွန်းဦး | ကော်မရှင်အဖွဲ့ဝင် | ဝဏ္ဏကျော်ထင်ဘွဲ့ |

၉၀။ ၂၀၂၄ ခုနှစ်အတွက် ပြည်သူ့ဝန်ထမ်းဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်မှုအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၄-၁-၂၀၂၄ ရက် (လွတ်လပ်ရေးနေ့)တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၄)နှင့် (၁၁/၂၀၂၄) များအရ ကော်မရှင်ရုံးမှ စိစစ်ထောက်ခံတင်ပြခဲ့သော ဝန်ထမ်း (၅၀) ဦးတို့အား ၂၀၂၄ ခုနှစ်အတွက် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် (၉) ဦးနှင့် ပြည်သူ့ဝန်ထမ်းတံဆိပ် (၄၁) ဦးတို့ကို ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

# ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ခြင်း

## ပြည်ပသင်တန်းများ တက်ရောက်ခြင်း

၉၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့်လည်းကောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်မားတိုးတက်စေရန်အတွက် ရည်ရွယ်၍လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသတွင်း မိတ်ဖက်နိုင်ငံအဖွဲ့အစည်းများမှ ဖိတ်ကြားလာသည့် သင်တန်းများသို့ ကော်မရှင်ရုံးရှိ ဝန်ထမ်းများအား စေလွှတ်တက်ရောက်စေခဲ့ရာ ၂၀၂၄ ခုနှစ်အတွင်း In-Person ဖြင့် ဖွင့်လှစ်သည့် သင်တန်း (၆) ကြိမ်သို့ သင်တန်းသား (၇) ဦးအား ပြည်ပနိုင်ငံများသို့ စေလွှတ်နိုင်ခဲ့ပြီး Online စနစ်ဖြင့် ဖွင့်လှစ်သည့် ပြည်ပသင်တန်း (၂) ကြိမ်သို့ သင်တန်းသား (၃) ဦးအား တစ်ဖက်ပါအတိုင်း တက်ရောက်စေနိုင်ခဲ့ပါသည်-

(က) **In-Person ဖြင့် သင်တန်းစေလွှတ်နိုင်မှု**

| စဉ် | ပညာသင်ဆု ပေးအပ်သည့်နိုင်ငံ | သင်တန်းအမျိုးအစား | တက်ရောက်သည့် ဝန်ထမ်း | အချိန်ကာလ |
|---|---|---|---|---|
| ၁ | အိန္ဒိယသမ္မတနိုင်ငံ | Certificate Course in Fundamentals of Cyber Security and Cyber Forensics | ဦးသာကြွယ် စုံစမ်းရေးမှူး | ၁၅-၇-၂၀၂၄ မှ ၂၆-၇-၂၀၂၄ ထိ |
| ၂ | အိန္ဒိယသမ္မတနိုင်ငံ | $20^{th}$ International Training Programme on Management Systems | ဦးလှိုင်ဖြိုး လ/ထ ညွှန်ကြားရေးမှူး၊ ဒေါ်ဆုလာဘ်နွယ် ဦးစီးအရာရှိ | ၂၄-၇-၂၀၂၄ မှ ၆-၈-၂၀၂၄ ထိ |
| ၃ | အိန္ဒိယသမ္မတနိုင်ငံ | Women and Enterprise Development a Trainers and Promoters Program | ဒေါ်တင့်တင့်ခိုင် ဦးစီးအရာရှိ | ၃၁-၇-၂၀၂၄ မှ ၁၃-၈-၂၀၂၄ ထိ |
| ၄ | ဩစတြီးယားနိုင်ငံ | $2^{nd}$ Cycle of the Mechanism for the Review of Implementation of the UNCAC | ဦးကောင်းဇော်သန့် ညွှန်ကြားရေးမှူးချုပ် | ၂၆-၈-၂၀၂၄ မှ ၂၇-၈-၂၀၂၄ ထိ |
| ၅ | အိန္ဒိယသမ္မတနိုင်ငံ | Women Leadership Programme | ဒေါ်စုမြတ်နိုင် လ/ထ ညွှန်ကြားရေးမှူး | ၂၈-၈-၂၀၂၄ မှ ၁၀-၉-၂၀၂၄ ထိ |
| ၆ | အိန္ဒိယသမ္မတနိုင်ငံ | International Training Programme on Monitoring and Evaluation of Development Projects/ Programmes | ဒေါ်နှင်းနန္ဒာစိုး လ/ထ ညွှန်ကြားရေးမှူး | ၁၁-၉-၂၀၂၄ မှ ၂၄-၉-၂၀၂၄ ထိ |




အိန္ဒိယသမ္မတနိုင်ငံ၊ နယူးဒေလီမြို့တွင် ဖွင့်လှစ်ခဲ့သည့်
ဆိုက်ဘာလုံခြုံရေးနှင့် ဆိုက်ဘာမှုခင်း
ပညာဆိုင်ရာအခြေခံသင်တန်းသို့ ကော်မရှင်ရုံးမှဝန်ထမ်း (၁) ဦး
တက်ရောက်ခဲ့မှုမှတ်တမ်းဓာတ်ပုံ



အိန္ဒိယသမ္မတနိုင်ငံ၊ န်ဒေလီမြို့တွင် ဖွင့်လှစ်ခဲ့သည့် (၂၀) ကြိမ်မြောက်
စီမံခန့်ခွဲမှုစနစ်များဆိုင်ရာ နိုင်ငံတကာလေ့ကျင့်ရေး အစီအစဉ်
သင်တန်းသို့ ကော်မရှင်ရုံးမှ
ဝန်ထမ်း (၂) ဦး တက်ရောက်ခဲ့မှုမှတ်တမ်းဓာတ်ပုံ



အိန္ဒိယသမ္မတနိုင်ငံ၊ နျူဒေလီမြို့တွင် ဖွင့်လှစ်ခဲ့သည့် အမျိုးသမီးများ
လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး လေ့ကျင့်ပေးသူများနှင့်
စီစဉ်ထောက်ပံ့သူများ အစီအစဉ်သင်တန်းသို့ ကော်မရှင်ရုံးမှ
ဝန်ထမ်း (၁) ဦး တက်ရောက်ခဲ့မှုမှတ်တမ်းဓာတ်ပုံ



ဩစတြီးယားနိုင်ငံတွင် ဖွင့်လှစ်ခဲ့သည့် UNCAC အကောင်အထည်ဖော်
ဆောင်မှု ပြန်လည်သုံးသပ်ရေး လုပ်ငန်းစဉ် ဒုတိယစက်ဝန်းတွင်
ပါဝင်ဆောင်ရွက်မည့် ပုဂ္ဂိုလ်များနှင့် အစိုးရကျွမ်းကျင်
ပညာရှင်များအတွက် သင်တန်းသို့ ကော်မရှင်ရုံးမှ ဝန်ထမ်း (၁) ဦး
တက်ရောက်ခဲ့မှုမှတ်တမ်းဓာတ်ပုံ




အိန္ဒိယသမ္မတနိုင်ငံ၊ ဟေရာနာပြည်နယ်တွင် ဖွင့်လှစ်ခဲ့သည့်
အမျိုးသမီးများ ခေါင်းဆောင်မှုအစီအစဉ် သင်တန်းသို့ ကော်မရှင်ရုံးမှ
ဝန်ထမ်း (၁) ဦး တက်ရောက်ခဲ့မှုမှတ်တမ်းဓာတ်ပုံ




အိန္ဒိယသမ္မတနိုင်ငံ၊ နယူးဒေလီမြို့တွင် ဖွင့်လှစ်ခဲ့သည့် ဖွံ့ဖြိုးတိုးတက်မှု
ပရောဂျက်များအား စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာ
နိုင်ငံတကာလေ့ကျင့်ရေး အစီအစဉ်သင်တန်းသို့ ကော်မရှင်ရုံးမှ ဝန်ထမ်း(၁)ဦး
တက်ရောက်ခဲ့မှုမှတ်တမ်းဓာတ်ပုံ

(ခ) **Online ဖြင့် သင်တန်းတက်ရောက်နိုင်မှု**

| စဉ် | ပညာသင်ဆု ပေးအပ်သည့်နိုင်ငံ | သင်တန်းအမျိုးအစား | တက်ရောက်သည့် ဝန်ထမ်း | အချိန် ကာလ |
|---|---|---|---|---|
| ၁ | မလေးရှားနိုင်ငံ | Managing Team Based Investigation (MTI): Navigating High Profile & Public Interest Cases with Excellence Programme 2024 | ဒေါ်ထက်ထက်အောင် ဦးစီးအရာရှိ | ၂၁-၈-၂၀၂၄ မှ ၂၂-၈-၂၀၂၄ ထိ |
| ၂ | မလေးရှားနိုင်ငံ | Intelligence Based Investigation (IBI): Navigating the World of Intelligence Programme 2024 | ဦးမျိုးမင်းထက် လ/ထ ညွှန်ကြားရေးမှူး၊ ဒေါ်ထက်ထက်အောင် ဦးစီးအရာရှိ | ၂-၉-၂၀၂၄ မှ ၃-၉-၂၀၂၄ ထိ |

## ပြည်တွင်းသင်တန်းများ တက်ရောက်ခြင်း

၉၂။ ကော်မရှင်ရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားလာစေရန်နှင့် စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်ပြည့်ဝစေရန်အတွက် အောက်ဖော်ပြပါ ဝန်ကြီးဌာန/ အဖွဲ့အစည်းများမှ ဖွင့်လှစ်သော သင်တန်းများသို့ သင်တန်းသားများ စေလွှတ်တက်ရောက်ခဲ့ပါသည်-

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း | သင်တန်း (ကြိမ်ရေ) | သင်တန်းသား ဦးရေ |
|---|---|---|---|
| ၁ | နိုင်ငံခြားရေးဝန်ကြီးဌာန | ၃ | ၁၀ |
| ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၁၇ | ၁၇ |
| ၃ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၅ | ၁၀ |
| ၄ | ပြည်ထဲရေးဝန်ကြီးဌာန | ၁ | ၁ |
| ၅ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ၁ | ၁ |
| ၆ | ဥပဒေရေးရာဝန်ကြီးဌာန | ၁ | ၂ |
| ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၁ | ၁ |
| ၈ | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ | ၁၈ | ၃၈ |
| | **စုစုပေါင်း** | **၄၇** | **၈၀** |

## ဌာနတွင်း သင်တန်းများဖွင့်လှစ်ခြင်း

၉၃။ ကော်မရှင်ရုံး ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်နိုင်ရေးအတွက် အောက်ဖော်ပြပါ သင်တန်းများဖွင့်လှစ်နိုင်ခဲ့ပါသည်-

(က) ကော်မရှင်ရုံးတွင် လစ်လပ်လျက်ရှိသည့် ဒုတိယလက်ထောက်ဦးစီးမှူးနေရာနှင့် လက်ထောက်စုံစမ်းရေးမှူးနေရာများတွင် ခန့်အပ်ခဲ့သည့် ဝန်ထမ်းသစ်များအတွက် ရည်ရွယ်၍ “အခြေခံလေ့ကျင့်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၄)” ကို ကော်မရှင်ရုံး၊ သင်တန်းခန်းမ၌ သင်တန်းသား (၂၃) ဦးဖြင့် ၁-၁-၂၀၂၄ ရက်နေ့မှ ၃၀-၁-၂၀၂၄ ရက်နေ့အထိ ရက်သတ္တ (၄) ပတ်ကြာ ဖွင့်လှစ်ခဲ့ပါသည်။





**အခြေခံလေ့ကျင့်ရေးသင်တန်း**

(ခ) ကော်မရှင်ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများ အင်္ဂလိပ်စာ အရည်အသွေးတိုးတက်မြင့်မားစေရန် ရည်ရွယ်၍ “အင်္ဂလိပ်စာ ကျွမ်းကျင်မှု စွမ်းရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၄)” ကို ကော်မရှင်ရုံး၊ သင်တန်းခန်းမ၌ သင်တန်းသား (၂၃) ဦးဖြင့် ၅-၂-၂၀၂၄ ရက်နေ့မှ ၂၃-၅-၂၀၂၄ ရက်နေ့အထိ ရက်သတ္တ (၁၁) ပတ်ကြာဖွင့်လှစ်ခဲ့ပါသည်။






**အင်္ဂလိပ်စာကျွမ်းကျင်မှု စွမ်းရည်မြှင့်တင်ရေးသင်တန်း**

(ဂ) ကော်မရှင်ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အထောက်အကူပြုစေရန်နှင့် ကွန်ပျူတာ အခြေခံအသုံးပြုနည်းများကို ကျွမ်းကျင်စွာ လုပ်ဆောင်နိုင်ရန်အတွက် “ရုံးလုပ်ငန်းဆိုင်ရာ အခြေခံကွန်ပျူတာ သင်တန်းအမှတ်စဉ်(၁/၂၀၂၄)” ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ နည်းပြများဖြင့် ကော်မရှင်ရုံး၊ သင်တန်းခန်းမ၌ သင်တန်းသား (၃၇) ဦး၊ လေ့လာသူ (၃) ဦး၊ စုစုပေါင်း (၄၀) ဦးတို့ဖြင့် ၂၆-၂-၂၀၂၄ ရက်နေ့မှ ၈-၃-၂၀၂၄ ရက်နေ့အထိ ရက်သတ္တ (၂) ပတ်ကြာ ဖွင့်လှစ်ခဲ့ပါသည်။





**ရုံးလုပ်ငန်းဆိုင်ရာ အခြေခံကွန်ပျူတာသင်တန်း (၁/၂၀၂၄)**

(ဃ) ကော်မရှင်ရုံး၊ စုံစမ်းစစ်ဆေးရေးဦးစီးဌာနရှိ စုံစမ်းစစ်ဆေးရေး လုပ်ငန်းတာဝန် ထမ်းဆောင်နေသော စုံစမ်းရေးမှူးနှင့် ဒုတိယဦးစီးမှူးရာထူးအဆင့်နှင့်အောက် အမှုထမ်းဝန်ထမ်းများအား စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန်အတွက် "စုံစမ်းစစ်ဆေးရေးဆိုင်ရာ အမှုစစ်မွမ်းမံ သင်တန်း (အမှုထမ်း) အမှတ်စဉ် (၁/၂၀၂၄)" ကို ကော်မရှင်ရုံး၊ သင်တန်း ခန်းမ၌ သင်တန်းသား (၁၆) ဦး (In Person) နှင့် ကော်မရှင်ရုံးခွဲ (၃) ခုတို့မှ သင်တန်းသား(၅)ဦး(Online)၊ စုစုပေါင်း (၂၁) ဦးတို့ဖြင့် ၁၂-၈-၂၀၂၄ ရက်နေ့မှ ၆-၉-၂၀၂၄ ရက်နေ့အထိ ရက်သတ္တ (၄) ပတ်ကြာ ဖွင့်လှစ်ခဲ့ပါသည်။




**စုံစမ်းစစ်ဆေးရေးဆိုင်ရာ အမှုစစ် မွမ်းမံသင်တန်း (အမှုထမ်း) အမှတ်စဉ် (၁/၂၀၂၄)**

(င) ကော်မရှင်ရုံး၊ စုံစမ်းစစ်ဆေးရေးဦးစီးဌာနရှိ စုံစမ်းစစ်ဆေးရေးလုပ်ငန်းတာဝန် ထမ်းဆောင်နေသော စုံစမ်းရေးမှူးနှင့် ဒုတိယဦးစီးမှူးရာထူးအဆင့်နှင့်အောက် အမှုထမ်းဝန်ထမ်းများအား စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန်အတွက် "စုံစမ်းစစ်ဆေးရေးဆိုင်ရာ အမှုစစ်မွမ်းမံ သင်တန်း (အမှုထမ်း) အမှတ်စဉ် (၂/၂၀၂၄)" ကို ကော်မရှင်ရုံး၊ သင်တန်း ခန်းမ၌ သင်တန်းသား (၁၉) ဦး (In Person) နှင့်ကော်မရှင်ရုံးခွဲ (၂) ခုတို့မှ သင်တန်းသား (၂) ဦး (Online)၊ စုစုပေါင်း (၂၁) ဦးတို့ဖြင့် ၂၁-၁၀-၂၀၂၄ ရက်နေ့မှ ၁၄-၁၁-၂၀၂၄ ရက်နေ့အထိ ရက်သတ္တ (၄) ပတ်ကြာ ဖွင့်လှစ်ခဲ့ပါသည်။






**စုံစမ်းစစ်ဆေးရေးဆိုင်ရာ အမှုစစ်မွမ်းမံသင်တန်း (အမှုထမ်း) အမှတ်စဉ် (၂/၂၀၂၄)**

( စ ) ကော်မရှင်ရုံး၊ စုံစမ်းစစ်ဆေးရေးဦးစီးဌာနရှိ စုံစမ်းစစ်ဆေးရေးလုပ်ငန်းတာဝန် ထမ်းဆောင်နေသော စုံစမ်းရေးမှူးနှင့် ဒုတိယဦးစီးမှူးရာထူးအဆင့်နှင့်အောက် အမှုထမ်းဝန်ထမ်းများအား စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန်အတွက် "စုံစမ်းစစ်ဆေးရေးဆိုင်ရာ အမှုစစ်မွမ်းမံ သင်တန်း (အမှုထမ်း) အမှတ်စဉ် (၃/၂၀၂၄)" ကို ကော်မရှင်ရုံး၊ သင်တန်း ခန်းမ၌ သင်တန်းသား (၁၈) ဦး (In Person) နှင့် ကော်မရှင်ရုံးခွဲ (၁) ခုမှ သင်တန်းသား (၃) ဦး (Online)၊ စုစုပေါင်း (၂၁) ဦးတို့ဖြင့် ၂-၁၂-၂၀၂၄ ရက်နေ့မှ ၂၇-၁၂-၂၀၂၄ ရက်နေ့အထိ ရက်သတ္တ (၄) ပတ်ကြာ ဖွင့်လှစ်ခဲ့ပါသည်။





**စုံစမ်းစစ်ဆေးရေးဆိုင်ရာ အမှုစစ်မွမ်းမံသင်တန်း (အမှုထမ်း) အမှတ်စဉ် (၃/၂၀၂၄)**

## ဌာနတွင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း

၉၄။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးတွင် တာဝန်ထမ်းဆောင်နေသော အရာထမ်း၊ အမှုထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည် (Capacity Building) မြင့်မားလာစေရန်၊ ဝန်ထမ်းများ၏ စာဖတ်စွမ်းရည်မြင့်မားလာစေရန်၊ ပရိတ်သတ်ရှေ့တွင် တင်ပြနိုင်မှုစွမ်းရည် (Presentation Skill) နှင့် အင်္ဂလိပ်ဘာသာစကား စွမ်းရည်မြင့်မားလာစေရန်၊ ဖြောင့်မတ်တည်ကြည်မှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာဗဟုသုတများ ကြွယ်ဝလာစေရန် စသည့်အကျိုးကျေးဇူးများ ရရှိလာစေရန် ရည်ရွယ်၍ **"Enhancing Integrity and Combatting Corruption"** အလုပ်ရုံဆွေးနွေးပွဲကို အင်္ဂလိပ်ဘာသာစကားဖြင့် ၁၅-၃-၂၀၂၄ ရက်နေ့တွင် ကော်မရှင်ရုံး၊ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့် Speaker များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ပါသည်။




**Enhancing Integrity and Combatting Corruption**

**အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း**

## အသိပညာပေး စကားဝိုင်းဆွေးနွေးပွဲ ကျင်းပခြင်း

၉၅။ မြန်မာနိုင်ငံအနေဖြင့် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force- FATF) ၏ Recommendation 15 နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရန် တာဝန်ရှိသည့်အတွက် ငွေကြေးခဝါချမှုများ၊ အကြမ်းဖက်အဖွဲ့အစည်းများ အား ငွေကြေးထောက်ပံ့မှုများ၊ တရားမဝင် မှောင်ခိုရောင်းဝယ်မှုများ၊ အဂတိလိုက်စားမှုများ ပြုရာတွင် Cryptocurrency ကို အသုံးပြုလာကြသောကြောင့် အဂတိလိုက်စားမှုများမှ ရရှိလာသည့် ငွေကြေးများကို အသွင်ပြောင်း၍ Cryptocurrency များတွင် ရင်းနှီးမြှုပ်နှံခြင်း များဖြင့် ငွေကြေးခဝါချမှု ကျူးလွန်ခြင်းများ ဖြစ်ပွားလာနိုင်သဖြင့် ကော်မရှင်ရုံးနှင့် ဌာန ဆိုင်ရာ အဖွဲ့အစည်းများမှ ဝန်ထမ်းများအား Cryptocurrency နှင့်စပ်လျဉ်း၍ အသိပညာ ပေးရန် ရည်ရွယ်၍ "**Cryptocurrency အကြောင်း သိကောင်းစရာ**" အသိပညာပေး စကားဝိုင်း ဆွေးနွေးပွဲကို ၁၉-၁၂-၂၀၂၄ ရက်နေ့တွင် ကော်မရှင်ရုံး၊ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်နှင့် ကော်မရှင်ရုံးမှ အဆင့်မြင့်အရာရှိကြီးများ၊ အရာထမ်း များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ပါသည်။




**Cryptocurrency အကြောင်း သိကောင်းစရာ အသိပညာပေး စကားဝိုင်း ဆွေးနွေးပွဲ ကျင်းပခြင်း**

# ဘဏ္ဍာရန်ပုံငွေ ခွဲဝေရရှိခြင်းနှင့် သုံးစွဲခြင်း

## ဘဏ္ဍာရန်ပုံငွေခွဲဝေရရှိမှု၊ သုံးစွဲမှုနှင့်လုပ်ငန်းဆောင်ရွက်မှု

၉၆။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၏ ဘဏ္ဍာငွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ရန် ငွေတိုက်ဦးစီးဌာန (နိုင်ငံတော်စာရင်း) တွင် ခွင့်ပြု သုံးစွဲလျက်ရှိပါသည်။ ကော်မရှင်ရုံးအနေဖြင့် ဘဏ္ဍာငွေသုံးစွဲရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၇)၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း၊ အခန်း (၁၃) ထောက်ပံ့ငွေပါ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီဖြစ်စေရန်အတွက် သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်များ ခွဲခြားပြီး ငွေစာရင်းခေါင်းစဉ်များအလိုက် စနစ်တကျ သုံးစွဲလျက်ရှိပါသည်။

## ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေခွဲဝေရရှိမှုနှင့် သုံးစွဲမှု

၉၇။ ကော်မရှင်ရုံး၏ ၂၀၂၄ ခုနှစ်၊ ဧပြီလမှ ၂၀၂၅ ခုနှစ် မတ်လအထိ အရအသုံး ခန့်မှန်းခြေ ငွေစာရင်း သာမန်အသုံးစရိတ် ကျပ် ၃,၄၈၇.၅၄၄ သန်းနှင့် ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၁၃၁.၅၁၆ သန်း၊ စုစုပေါင်း ကျပ် ၃,၆၁၉.၀၆၀ သန်းအား ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာန (နိုင်ငံတော်စာရင်း) တွင် ထည့်သွင်းခွင့်ပြုခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိ သာမန်အသုံးစရိတ် ငွေကျပ် ၂,၅၀၀.၆၀၄ သန်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ် ငွေကျပ် ၆၈.၂၂၁ သန်း၊ စုစုပေါင်း ငွေကျပ် ၂,၅၆၈.၈၂၅ သန်းအား သုံးစွဲခဲ့ပါသည်။ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်၊ ၂၀၂၄ ခုနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိ မူလခွင့်ပြုငွေ၏ ၇၀.၉၈ % သုံးစွဲခဲ့ပါသည်။

၉၈။ ကော်မရှင်ရုံးအနေဖြင့် ၂၀၂၄ ခုနှစ်တွင် သာမန်အသုံးစရိတ် ကျပ် ၃,၂၇၈.၉၉၄ သန်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၇၁.၅၇၄ သန်း၊ စုစုပေါင်း ၃,၃၅၀.၅၆၈ သန်းကို တစ်ဖက်ပါအတိုင်း သုံးစွဲခဲ့ပါသည်-

## ၂၀၂၄ ခုနှစ်၊ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် သုံးစွဲမှု

ကျပ်သန်း

| စဉ် | လ | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | စုစုပေါင်း |
|---|---|---|---|---|
| ၁ | ဇန်နဝါရီလ | ၂၄၀.၅၂၁ | - | ၂၄၀.၅၂၁ |
| ၂ | ဖေဖော်ဝါရီလ | ၂၆၅.၂၂၇ | - | ၂၆၅.၂၂၇ |
| ၃ | မတ်လ | ၂၇၂.၆၄၂ | ၃.၃၅၃ | ၂၇၅.၉၉၅ |
| ၄ | ဧပြီလ | ၂၂၇.၂၃၁ | - | ၂၂၇.၂၃၁ |
| ၅ | မေလ | ၂၇၀.၉၀၀ | - | ၂၇၀.၉၀၀ |
| ၆ | ဇွန်လ | ၂၅၉.၈၇၃ | ၃.၇၈၅ | ၂၆၃.၆၅၈ |
| ၇ | ဇူလိုင်လ | ၂၄၂.၉၉၁ | ၁၂.၉၅၂ | ၂၅၅.၉၄၃ |
| ၈ | ဩဂုတ်လ | ၃၂၆.၉၄၂ | ၁၆.၇၁၀ | ၃၄၃.၆၅၂ |
| ၉ | စက်တင်ဘာလ | ၂၇၀.၆၃၄ | ၂၉.၀၀၄ | ၂၉၉.၆၃၈ |
| ၁၀ | အောက်တိုဘာလ | ၂၆၃.၂၃၃ | - | ၂၆၃.၂၃၃ |
| ၁၁ | နိုဝင်ဘာလ | ၃၁၀.၂၂၁ | ၅.၇၇၀ | ၃၁၅.၉၉၁ |
| ၁၂ | ဒီဇင်ဘာလ | ၃၂၈.၅၇၉ | - | ၃၂၈.၅၇၉ |
| | **စုစုပေါင်း** | **၃,၂၇၈.၉၉၄** | **၇၁.၅၇၄** | **၃,၃၅၀.၅၆၈** |

၉၉။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၏ လုပ်ငန်းနှင့် စာရင်းစစ်ဆေးခြင်းများအား ၂၀၂၃ ခုနှစ်၊ ဧပြီလမှ ၂၀၂၄ ခုနှစ် မတ်လအထိ စစ်ဆေးဆောင်ရွက်ပြီး ဖြစ်ပါသည်။ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် စာရင်းစစ်ဆေးမှု ခံယူနိုင်ရန်အတွက် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

# အခန်း(၆)

# ၂၀၂၄ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်အကဲဖြတ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ် ချမှတ်ခြင်း

## ၂၀၂၄ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်အကဲဖြတ်ခြင်း

၁၀၀။ ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်ကို လေးနှစ်တစ်ကြိမ် ရေးဆွဲဆောင်ရွက်လျက်ရှိရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅)ကို ဒုတိယ လေးနှစ်တာကာလအဖြစ် သတ်မှတ်ကာ လုပ်ငန်းကဏ္ဍ (၆) ခု၊ လုပ်ငန်းစဉ် (၂၀) ရပ်ဖြင့် ရေးဆွဲခဲ့ပါသည်။

၁၀၁။ အဆိုပါ မဟာဗျူဟာစီမံချက်အပေါ် မူတည်၍ ၂၀၂၄ ခုနှစ်အတွင်း ကော်မရှင်ရုံးအဖွဲ့နှင့် ဦးစီးဌာနများမှ အကောင်အထည်ဖော် ဆောင်ရွက်ရန် လုပ်ငန်းအစီအစဉ်ကို လုပ်ငန်းရပ် (၄၁) ချက်ဖြင့် ရေးဆွဲခဲ့ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် (၃၆) ချက် (၈၈ %) အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ၂၀၂၄ ခုနှစ် လုပ်ငန်းအစီအစဉ်သည် ထိရောက်သေချာမှုရှိသည့် လုပ်ငန်းအစီအစဉ်ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## အသိပညာပေးခြင်းကဏ္ဍ

၁၀၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးခြင်းကဏ္ဍအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့် အသိပညာဗဟုသုတများအား ကျောင်းသားလူငယ်များမှစတင်၍ ရရှိစေရေးအတွက် ဆရာကိုင်စာအုပ်များနှင့် ရည်ညွှန်းစာစောင်များအား အခြေခံပညာကျောင်းများနှင့်တက္ကသိုလ်၊ ကောလိပ်များသို့ ဖြန့်ဝေနိုင်ခဲ့သဖြင့် ကျောင်းသားလူငယ်များအတွက် ဖြောင့်မတ်တည်ကြည်မှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဗဟုသုတများရရှိစေရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၀၃။ ကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း ဖွဲ့စည်းထားသည့် ကျောင်းသားလူငယ်ပညာပေးရေး လုပ်ငန်းအစီအမံဖော်ဆောင်ရေးအဖွဲ့၏ တတိယမြောက်လုပ်ငန်းတာဝန်ကို အကောင်အထည်ဖော်ဆောင်သည့်အနေဖြင့် နေပြည်တော်ကောင်စီနယ်မြေနှင့် ကော်မရှင်ရုံးခွဲများတည်ရှိရာ (ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်) မြို့များရှိ အခြေခံပညာကျောင်းများ၌ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး Edutainment အစီအစဉ်များကို

ဆောင်ရွက်နိုင်ခဲ့သဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ အသိပညာများကို သိရှိနားလည်ပြီး လိုက်နာကျင့်သုံးနိုင်စေရန်အတွက် အခြေခံကောင်းများကို တည်ဆောက်ပေးနိုင်ခဲ့ပါသည်။

၁၀၄။ "အဂတိပယ်ခွာ ပြည်သာယာ" ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲများကို သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရ အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ပြိုင်ပွဲဝင်များ ဖိတ်ခေါ်ကာ ယှဉ်ပြိုင်စေခြင်းဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများအကြား အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး နှင့် တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၀၅။ အဆိုပါ ပြိုင်ပွဲသို့ မျိုးဆက်သစ်လူငယ်များ ပါဝင်ယှဉ်ပြိုင်ခဲ့သည့်အတွက် အဂတိ လိုက်စားမှုတိုက်ဖျက်ရေးတွင် လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်သကဲ့သို့ ပြိုင်ပွဲ တွင် ဆုရရှိသူများကို ၉-၁၂-၂၀၂၄ ရက်နေ့တွင် ကျင်းပသည့် (၂၁) ကြိမ်မြောက် အပြည်ပြည် ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားၙ နိုင်ငံတော်အဆင့် အသိအမှတ်ပြု ဆုများချီးမြှင့်နိုင်ခဲ့သည့်အတွက် ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် မျိုးဆက်သစ်လူငယ်များ ပါဝင်ဆောင်ရွက်နိုင်ခဲ့မှုအပေါ် အသိအမှတ်ပြု လေးစားတန်ဖိုးထားသည်ကို ထုတ်ဖော်ပြသနိုင်ခဲ့ပါသည်။

## တားဆီးကာကွယ်ခြင်းကဏ္ဍ


### အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် သုံးသပ်တင်ပြချက်များ

၁၀၆။ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit - CPU) များကို ၂၀၁၉ ခုနှစ်မှစ၍ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း (၁၄) ခုတွင် ရှေ့ပြေးစီမံကိန်း အဖြစ် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ်အထိ ကော်မရှင်အပါအဝင် ပြည်ထောင်စု ဝန်ကြီးဌာန/ အဖွဲ့အစည်း (၃၇) ခု၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့ (၁၅) ခုတို့တွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ တိုးချဲ့ဖွဲ့စည်း


နိုင်ခဲ့သောကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများအား ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။

၁၀၇။ လစဉ်ပေးပို့လာသည့် အစီရင်ခံစာများအရ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် CPU ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းအစီအစဉ်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ CPU များ စတင်ဖွဲ့စည်းချိန်မှ ၂၀၂၄ ခုနှစ်အထိ သတင်းပို့တိုင်ကြားနိုင်သည့်တာဝန်ခံများ၊ သတင်းပို့တိုင်ကြားနိုင်သည့် ဌာန/ဌာနခွဲများ၊ e-mail လိပ်စာများ၊ အကြံပြုစာတိုက်ပုံးများနှင့် Website များကို တိုးချဲ့ ဆောင်ရွက်နိုင်ခဲ့ကြောင်းတွေ့ရှိရသဖြင့် ပြည်သူလူထုအနေဖြင့် သတင်းပို့တိုင်ကြားနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၁၀၈။ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ သတင်းပို့တိုင်ကြားနိုင်သည့်စနစ်များ ဆောင်ရွက်နိုင်မှုအခြေအနေမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-




၁၀၉။ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ သတင်းပို့တိုင်ကြားနိုင်သည့်စနစ်များ ဆောင်ရွက်နိုင်မှုအခြေအနေမှာ အောက်ဖော်ပြပါ အတိုင်း ဖြစ်ပါသည်-





၁၁၀။ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရှိ CPU များအနေဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်း၊ သင်တန်းပို့ချခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ပြည်သူလူထုနှင့် နိုင်ငံ့ဝန်ထမ်းများအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဥ်းသည့် အသိပညာဗဟုသုတများကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၁၁၁။ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ၂၀၁၉ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆောင်ရွက်မှု အခြေအနေများကို နှစ်အလိုက်နှိုင်းယှဉ်၍ ဇယားဖြင့် ဖော်ပြအပ်ပါသည်-




၁၁၂။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆောင်ရွက်မှု အခြေအနေမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-



၁၁၃။ ဖွဲ့စည်းထားသော အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် အဂတိလိုက်စားမှု ဆက်လက်မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားရန် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း (၁၄) ခုနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ (၁) ခုတွင်သာ ဆောင်ရွက်ထားကြောင်းတွေ့ရှိရပါသည်။ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း ဆောင်ရွက်နိုင်ခြင်း မရှိသေးသည့် အဖွဲ့အစည်းများအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စည်းရုံးဆောင်ရွက်ခြင်း၊ လိုအပ်သည့် နည်းပညာအကူအညီများ ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများကိုလည်း မှန်ကန်စွာသုံးသပ်နိုင်ရေးအတွက် လိုအပ်သည့်အကူအညီနှင့် လမ်းညွှန်မှုများပြုပေးသင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

၁၁၄။ ဖွဲ့စည်းထားသည့် CPU များအနေဖြင့် လုပ်ငန်းအစီအစဉ် ၆ ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ချမှတ်ထားသည့် လုပ်ငန်းလမ်းညွှန်များနှင့်အညီ CPU ၏ လုပ်ငန်းတာဝန်များကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် ရေးဆွဲထားသည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ တည်မြဲလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူသို့ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ပွင့်လင်းမြင်သာမှုရှိသည့်လုပ်ငန်းခွင်ကို ဖန်တီးနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုများကို တားဆီးကာကွယ်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ဌာန၏ လုပ်ငန်းသဘာဝနှင့်ကိုက်ညီပြီး ပိုမိုပြည့်စုံကောင်းမွန်သည့် လုပ်ငန်းလမ်းညွှန်နှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ တည်မြဲလုပ်ထုံးလုပ်နည်းများဖြစ်စေရန် ပြန်လည်သုံးသပ်ခြင်းများ ဆောင်ရွက်သွားသင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

၁၁၅။ အများပြည်သူထံမှတုံ့ပြန်မှုရယူခြင်းအစီအစဉ်သည် အစိုးရဌာန/ အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ပြည်သူလူထု၏ တယ်လီဖုန်းများသို့ SMS ပေးပို့ ဆက်သွယ်ပြီး တုံ့ပြန်မှုရယူခြင်းဖြစ်သည့်အတွက် ဝန်ဆောင်မှုလုပ်ငန်းများ၏ ပျော့ကွက်၊ ဟာကွက်၊

အားနည်းချက်များကို သိရှိနိုင်မည်ဖြစ်ပြီး ပြည်သူများ၏ တုံ့ပြန်အကြံပြုချက်၊ မေးမြန်းချက်များကို အလေးထားဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ဌာနရှိဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးကို ပိုမိုကောင်းမွန်လာစေမည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ပေးခြင်းဖြင့် အစိုးရဌာန/အဖွဲ့အစည်းများနှင့် ပြည်သူများအကြား ယုံကြည်မှုတည်ဆောက်လာနိုင်ကာရေရှည်တွင် သက်ဆိုင်ရာဌာနများအတွက် အကျိုးကျေးဇူးကောင်းများစွာ ရရှိလာနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက်သာမက တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုများ ဖြစ်ပေါ်လာစေပြီး နိုင်ငံတော်အစိုးရ၏ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းစေရန်အတွက် ဌာနများအနေဖြင့် ယင်းအစီအစဉ်ကို ပိုမိုထိရောက်စွာ ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

၁၁၆။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အသုံးပြုရန် CPU Account နှင့် DEO Account များ ရယူထားသော်လည်း အသုံးပြုနိုင်ခြင်းမရှိသေးသည့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများအနေဖြင့် စတင်အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာဌာနအကြီးအကဲထံတင်ပြ၍ ဆောင်ရွက်သွားသင့်ပါကြောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဌာနများအနေဖြင့်လည်း ပြည်သူလူထု၏ တုံ့ပြန်မှုများ ယခုထက် ပိုမိုတိုးတက်ရရှိစေရေးအတွက် ပြည်သူလူထုသို့ အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားသင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

၁၁၇။ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ (၁) ခုသာ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို ၂၀၂၄ ခုနှစ်၊ ဧပြီလမှစတင် ဆောင်ရွက်ခဲ့ပြီး PFP အစီအစဉ်ကို အကျိုးရှိ ထိရောက်စွာ စဉ်ဆက်မပြတ် ဆောင်ရွက်သွားသင့်ပါကြောင်းနှင့် ကျန်တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း ယင်းတို့၏ကြီးကြပ်ကွပ်ကဲမှုဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများတွင် PFP အသုံးပြုသွားနိုင်ရန် သက်ဆိုင်ရာအကြီးအကဲများထံ တင်ပြဆောင်ရွက်သွားသင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## နိုင်ငံတကာရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်တင်ပြချက်များ

၁၁၈။ ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံးတို့အကြား (၂၀၂၄-၂၀၂၆) ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်အား လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် နှစ်နိုင်ငံအကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေး ခရီးစဉ်များ အပြန်အလှန်သွားရောက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည် ဖြစ်ပါသည်။ အဆိုပါ အစီအစဉ်အကောင်အထည်ဖော် ဆောင်ရွက်မှုအနေဖြင့် အဂတိလိုက်စားမှု ကျူးလွန်ရာမှ ရရှိသည့် ပိုင်ဆိုင်မှုပစ္စည်းများ ပြန်လည်ရယူရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကို ကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံးတို့ ပူးပေါင်း၍ ၂၇-၁၁-၂၀၂၄ ရက်နေ့တွင် နေပြည်တော်၊ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ နိုင်ငံတကာ၌ ကျင်းပသည့် အစည်းအဝေးများ၊ ညီလာခံများ၊ အလုပ်ရုံဆွေးနွေးပွဲများသို့ In Person ဖြင့် (၁၃) ကြိမ် ပါဝင်တက်ရောက်နိုင်ခြင်း၊ Virtual Format ဖြင့် (၄) ကြိမ် တက်ရောက်နိုင်ခဲ့ပါသဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကောင်းမွန်သည့် အလေ့အထများ၊ အတွေ့အကြုံများ ဖလှယ်နိုင်ခဲ့ပြီး ကော်မရှင်မှ ဆောင်ရွက်လျက်ရှိသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများအတွက် များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

## စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းကဏ္ဍ

၁၁၉။ ကော်မရှင်စတင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ တိုင်ကြားစာများမှ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဝန်ထမ်းစည်းကမ်းအရ အရေးယူဆောင်ရွက်ခဲ့သည့် နိုင်ငံ့ဝန်ထမ်း ၃၀၃၀ ဦးဖြစ်ပြီး အဂတိလိုက်စားမှုကျူးလွန်သူ ၃၄၈ ဦးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအရ

တရားစွဲဆို အရေးယူဆောင်ရွက်ခဲ့သည့် ၃၄၈ ဦးတွင် နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ ၆၇ ဦး၊ အဆင့်မြင့်အရာရှိ ၂၃ ဦး၊ အရာထမ်း ၁၀၁ ဦး၊ အမှုထမ်း ၈၆ ဦး၊ ပြည်သူ့ဝန်ထမ်း ၁၈ ဦးနှင့် အခြားပုဂ္ဂိုလ် ၅၃ ဦးတို့ ပါဝင်ပါသည်။

၁၂၀။ စုံစမ်းစစ်ဆေး တရားစွဲတင်ဆောင်ရွက်ခဲ့သည့်အမှုများမှ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းနိုင်မှုနှင့် နိုင်ငံ့ဘဏ္ဍာသို့ ပြန်လည်ပေးသွင်းနိုင်မှုမှာ မြန်မာငွေကျပ် ၂၇.၃၃ ဘီလီယံကျော်၊ အမေရိကန်ဒေါ်လာ ၄ သန်းကျော်တို့ဖြစ်ပြီး နိုင်ငံ့ဘဏ္ဍာဆုံးရှုံးမှုမရှိစေရေး အကာအကွယ်ပေးနိုင်ခဲ့မှုမှာ မြန်မာငွေကျပ် ၁၅၆ ဘီလီယံကျော်၊ ယူရို ၃ သန်းကျော်တို့အပြင် နိုင်ငံတော်မှ ရရန်ရှိသည့် ငွေကြေးများ၊ အခွန်အခများကိုလည်း ပြန်လည်ပေးသွင်းနိုင်စေရေး ဆောင်ရွက်လျက်ရှိပါသည်။

## အဂတိလိုက်စားမှုဆိုင်ရာ ညွှန်းကိန်းများ အခြေအနေ

၁၂၁။ နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့ (Transparency International–TI) က သတ်မှတ်သည့် အဂတိလိုက်စားမှု အညွှန်းကိန်း(Corruption Perception Index-CPI)နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအတွက် အဂတိလိုက်စားမှု အညွှန်းကိန်းကို တိုင်းတာရာတွင် မြန်မာနိုင်ငံနှင့်သက်ဆိုင်သော အရင်းအမြစ် (Data Sources) ခုနစ်ရပ်ဖြစ်သည့် “ကမ္ဘာ့ဘဏ်၏ နိုင်ငံ့မူဝါဒနှင့် အင်စတီကျူးရှင်းဆိုင်ရာ အကဲဖြတ်မှု၊ နိုင်ငံအန္တရာယ် ကျရောက်နိုင်ချေ ကမ္ဘာလုံးဆိုင်ရာရှုမြင်ချက် အဆင့်သတ်မှတ်ချက်များ၊ ဘာတဲမန်း ဖောင်ဒေးရှင်း၏ အသွင်ကူးပြောင်းမှု အညွှန်းကိန်း၊ ကမ္ဘာ့တရားမျှတမှုဆိုင်ရာ စီမံကိန်းနှင့် တရားဥပဒေစိုးမိုးရေး အညွှန်းကိန်း၊ နိုင်ငံရေးဆိုင်ရာအန္တရာယ် ကျရောက်နိုင်ချေရှိမှု လမ်းညွှန်၊ ဒီမိုကရေစီ စီမံကိန်းဆိုင်ရာအမျိုးအစားများ၊ စီးပွားရေးပညာရှင်များ၏ စူးစမ်းလေ့လာရေးအဖွဲ့က နိုင်ငံအပေါ် အဆင့်သတ်မှတ်ချက်များ”တို့ကို အခြေခံ၍ အမှတ်ပေးတွက်ချက်ထားမှုအရ မြန်မာနိုင်ငံ၏ နှစ်အလိုက် ပျမ်းမျှရမှတ်နှင့် အညွှန်းကိန်းမှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါသည်-

| ခုနှစ် | ရမှတ် | အဆင့် | နိုင်ငံပေါင်း |
|---|---|---|---|
| ၂၀၁၂ | ၁၅ | ၁၇၂ | ၁၇၆ |
| ၂၀၁၃ | ၂၁ | ၁၅၇ | ၁၇၇ |
| ၂၀၁၄ | ၂၁ | ၁၅၆ | ၁၇၅ |
| ၂၀၁၅ | ၂၂ | ၁၄၇ | ၁၆၈ |
| ၂၀၁၆ | ၂၈ | ၁၃၆ | ၁၇၆ |
| ၂၀၁၇ | ၃၀ | ၁၃၀ | ၁၈၀ |
| ၂၀၁၈ | ၂၉ | ၁၃၂ | ၁၈၀ |
| ၂၀၁၉ | ၂၉ | ၁၃၀ | ၁၈၀ |
| ၂၀၂၀ | ၂၈ | ၁၃၇ | ၁၈၀ |
| ၂၀၂၁ | ၂၈ | ၁၄၀ | ၁၈၀ |
| ၂၀၂၂ | ၂၃ | ၁၅၇ | ၁၈၀ |
| ၂၀၂၃ | ၂၀ | ၁၆၂ | ၁၈၀ |
| ၂၀၂၄ | ၁၆ | ၁၆၈ | ၁၈၀ |

# ၂၀၂၅ ခုနှစ် လုပ်ငန်းအစီအစဉ်

၁၂၂။ ကော်မရှင်သည် ၂၀၂၅ ခုနှစ်တွင် အဂတိလိုက်စားမှု အသိပညာပေးရေး၊ တားဆီးကာကွယ်ရေး၊ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများကို အောက်ဖော်ပြပါ လုပ်ငန်းအစီအစဉ်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) **ပေါ်လစီမူဘောင်နှင့် ဥပဒေမူဘောင် ဖွံ့ဖြိုးတိုးတက်ရေး**

(၁) အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၂၆-၂၀၃၀) ရေးဆွဲနိုင်ရေး ဆောင်ရွက်ခြင်း၊

(၂) တည်ဆဲအဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြန်လည်သုံးသပ်ခြင်း၊

(၃) ပြင်ဆင်ရေးဆွဲထားသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေကို ပြန်လည် သုံးသပ်ခြင်း၊

(၄) အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေးဥပဒေ (Whistleblower Protection Law) နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကော်မတီ၊ အစိုးရအဖွဲ့သို့ တင်ပြနိုင်ရေး ဆောင်ရွက်ခြင်း၊

(ခ) **တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး**

(၁) ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များဖြင့် ညှိနှိုင်းအစည်းအဝေးနှင့် အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပခြင်း၊

(၂) ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်နှင့် လုပ်ငန်းအစီအစဉ်များ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည့် နည်းပညာဆိုင်ရာ အကူအညီများပေးခြင်းနှင့် အကြံဉာဏ်များပေးခြင်း၊

(၃) UMFCCI တွင် CPU များ ဖွဲ့စည်းနိုင်ရေးနှင့် PFP အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာ ကူညီပံ့ပိုးပေးခြင်း၊

(ဂ) **တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာနှင့် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး**

(၁) အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဆိုင်ရာ လှုပ်ရှားမှုများ စီစဉ်ကျင်းပခြင်း၊

(၂) ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာ အဆင့်ကျောင်းများတွင် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး Edutainment အစီအစဉ်များကို ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၃) ပညာရေးဝန်ကြီးဌာနမှ ဆရာ/ဆရာမများ နွေရာသီ မွမ်းမံသင်တန်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သင်ခန်းစာများ ဆွေးနွေးပို့ချနိုင်ရေး ဆောင်ရွက်ခြင်း၊

(၄) ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်/ ကောလိပ်များ/ အခြေခံပညာ အထက်တန်းကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများတွင် အထက်တန်း အဆင့် လူငယ်စကားဝိုင်းများကို ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ဆောင်ရွက်ခြင်း၊

(၅) နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တက္ကသိုလ်များမှ ကျောင်းသား/ ကျောင်းသူများအား ဖိတ်ခေါ်၍ ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်း (Youth Integrity Camp – YIC) ကျင်းပပြုလုပ်နိုင်ရေး သက်ဆိုင်ရာ တက္ကသိုလ်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၆) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေး Talk Show ဆောင်ရွက်ခြင်း၊

(၇) Banking Association များတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး ဆိုင်ရာ အသိပညာပေး ဆောင်ရွက်ခြင်း၊

(ဃ) **စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းလုပ်ငန်းတို့ကို ထိရောက်နိုင်မာစေမည့် အခြေခံကောင်းများ တည်ဆောက်ရေး**

(၁) အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၁၇ (စျ) ပါ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှု ကျော်စေသတင်းအပေါ်အရေးယူ နိုင်ရန် အစီအမံများ ချမှတ်ခြင်း၊

(၂) တိုင်ကြားစာ ပေးပို့ခြင်း/ လက်ခံခြင်း၊ အရေးယူဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ တိုင်ကြားစာ စိစစ်သုံးသပ်ခြင်း လုပ်ငန်းစဉ်အား ပြန်လည်သုံးသပ်ခြင်း၊

(၃) စုံစမ်းစစ်ဆေးရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် လက်စွဲအား ထပ်မံဖြည့်စွက်ခြင်း၊

(၄) အဂတိလိုက်စားမှုကြောင့် နစ်နာဆုံးရှုံးခဲ့ရသူများအပေါ် တရားမျှတမှုရရှိအောင် ပြန်လည်ဖော်ဆောင်ပေးခြင်း၊

(င ) **ဌာနစွမ်းဆောင်ရည်မြှင့်တင်ရေး**

(၁) ဝန်ထမ်းများ ဖြည့်တင်းခန့်ထားရေးကို မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(၂) ကော်မရှင်ရုံး ဖွဲ့စည်းပုံတွင် ဦးစီးဌာနအလိုက် လုပ်ငန်းတာဝန်များကို ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ခြင်း၊

(၃) စုံစမ်းစစ်ဆေးရေးဦးစီးဌာန လက်အောက်ရှိ ဌာနခွဲများ၏ လုပ်ငန်းဆောင်ရွက်မှု တိုးတက်စေရေးအတွက် ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Workshop) ကျင်းပခြင်း၊

(စ ) **ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး**

(၁) အခြားဝန်ကြီးဌာန/ အဖွဲ့အစည်းများမှ ဖွင့်လှစ်သော အဆင့်အလိုက် တက်ရောက်ရမည့် သင်တန်းများသို့ တက်ရောက်နိုင်ရေး ဆောင်ရွက်ခြင်း၊

(၂) ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့်ပတ်သက်သည့် ဆန်းစစ်မှုပြုလုပ်ခြင်း၊ ဆန်းစစ်ချက်အပေါ်အခြေခံ၍ သက်ဆိုင်ရာဘာသာရပ်အလိုက် လေ့ကျင့်သင်ကြားပေးနိုင်ရေး ဆောင်ရွက်ခြင်း (ဥပဒေအသိပညာ ပြန့်ပွားရေးဆင့်ပွားသင်တန်း၊ ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာ ကျွမ်းကျင်မှုစွမ်းရည်

မြှင့်တင်ရေးသင်တန်းနှင့် အင်္ဂလိပ်စာကျွမ်းကျင်မှု စွမ်းရည်မြှင့်တင်ရေး သင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခြင်း)

(၃) စုံစမ်းစစ်ဆေးရေးဆိုင်ရာအမှုစစ်မွမ်းမံ (အရာထမ်း/ အမှုထမ်း) သင်တန်း ဖွင့်လှစ်ခြင်း၊

(ဆ) **နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး**

(၁ ) ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း အကောင် အထည်ဖော်ဆောင်မှု သုံးသပ်ရေးလုပ်ငန်းစဉ် ဒုတိယစက်ဝန်းအတွက် အနှစ်ချုပ်အစီရင်ခံစာ(Executive Summary)ပါ အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီး ဌာန/ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပြီး အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း၊

(၂ ) ဒုတိယစက်ဝန်းအတွက် အနှစ်ချုပ်အစီရင်ခံစာ (Executive Summary)ပါ အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ များကို UNODC သို့ အစီရင်ခံစာ ပေးပို့ခြင်း၊

(၃ ) ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများ ညီလာခံနှင့် ကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု သုံးသပ်ရေး လုပ်ငန်းစဉ်နှင့်ဆက်စပ်သည့်အစည်းအဝေးများသို့ ပါဝင်တက်ရောက်ခြင်း၊

(၄ ) ASEAN-PAC အကြီးအမှူးများ အစည်းအဝေးနှင့် ရုံးအဖွဲ့အစည်းအဝေး တက်ရောက်ခြင်း၊

(၅ ) ASEAN-PAC အဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက် နိုင်ရေးအတွက် ရေးထိုးပြီးသော အဂတိလိုက်စားမှု တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ (MOU)များ သက်တမ်းတိုးမြှင့်ခြင်းနှင့် ကျန်ရှိသည့် နိုင်ငံများနှင့် လက်မှတ်ရေးထိုး နိုင်ရေး ဆက်လက်ဆောင်ရွက်ခြင်း၊

(၆ ) MoU လက်မှတ်ရေးထိုးထားသည့်နိုင်ငံများနှင့် အလုပ်သဘောလေ့လာရေး ခရီးသွားရောက်ခြင်း၊

(၇ ) မြန်မာနိုင်ငံသည် IACA အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ Open-ended Intergovernmental Working Group on Financial Matters and other Administrative and Substantive Aspects of IACA Activities အစည်းအဝေးသို့ ပါဝင်တက်ရောက်ခြင်း၊

(၈ ) IAACA General Meeting သို့ ပါဝင်တက်ရောက်ခြင်း (Online)

(၉ ) IACA အဖွဲ့ဝင်များညီလာခံသို့ တက်ရောက်ခြင်း၊

(၁၀) ကော်မရှင်အနေဖြင့် GlobE Network သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ရေး ဆောင်ရွက်ခြင်းနှင့် ၎င်းနှင့်ဆက်စပ်သည့် အစည်းအဝေးများသို့ ပါဝင်တက်ရောက်ခြင်း၊

(၁၁) ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့တွင် ကျင်းပပြုလုပ်မည့် အလုပ်ရုံဆွေးနွေးပွဲ "Topical issues of the prevention of corruption offenses, including those related to conflicts of interest, declaration of income and expenses. Anti-corruption assessment of regulatory legal acts and their drafts. Assessment of corruption risks and its methodology" သို့ ပါဝင် တက်ရောက်မည့် လျာထား ကိုယ်စားလှယ် (၅) ဦး ပါဝင် တက်ရောက်ခြင်း၊

(၁၂) မြန်မာနိုင်ငံ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးတွင် "Compliance with anti-corruption legislation in the field of public procurement" စကားဝိုင်းဆွေးနွေးပွဲ ကျင်းပခြင်း၊

(၁၃) ကော်မရှင်ရုံးဝန်ထမ်းများအတွက် ရှရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံးမှ ကျွမ်းကျင်ပညာရှင်များက လေ့ကျင့်ရေးသင်တန်းပို့ချခြင်း၊

(ဇ ) **အမြဲမပြတ် စောင့်ကြည့်ရေးနှင့် သုံးသပ်အကဲဖြတ်ရေး**

(၁) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၂-၂၀၂၅ မဟာဗျူဟာစီမံချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများအားပြန်လည်သုံးသပ်ရန်၊

(၂) ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင် ဖွဲ့စည်းထားသည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန် (၃) ရပ်နှင့် လုပ်ငန်းအစီအစဉ် (၆) ရပ်တို့အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများကို ပြန်လည်သုံးသပ်ခြင်း၊

(ဈ) **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၆ ခုနှစ် လုပ်ငန်းအစီအစဉ်ချမှတ်ရေး**

(ည) **ကော်မရှင်၏ တစ်နှစ်တာ ဆောင်ရွက်ချက်များကို ပြည်သူသို့ အစီရင်ခံတင်ပြရေး**

# နိဂုံး

၁၂၃။ ကော်မရှင်သည် အဂတိလိုက်စားမှုကို လုံးဝလက်မခံသည့်ယဉ်ကျေးမှုတစ်ရပ်ပေါ်ထွန်းလာစေရေးနှင့် အကျင့်ပျက်ခြစားမှုများ မရှိစေရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကို ဟန်ချက်ညီညီချဉ်းကပ်ပြီး အချိန်နှင့်တစ်ပြေးညီ အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတော်၏မူဝါဒများနှင့် ဆန့်ကျင်ပြီး ပုဂ္ဂိုလ်ရေးအကျိုးအမြတ် ရယူဆောင်ရွက်မှုများ၊ နိုင်ငံတော်ကချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို သွေဖည်၍ အဂတိလိုက်စားမှုကျူးလွန်သည့် မည်သူ့ကိုမဆို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။

၁၂၄။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏ အနှစ်သာရသည် အများပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်ပေးရေးနှင့် အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်းဖြစ်စေရေးတို့ဖြစ်သည့်အတွက် ကော်မရှင်အနေဖြင့် အများပြည်သူလူထုအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အသိပညာများတိုးပွားလာစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူ့အဖွဲ့အစည်းဖြစ်ပေါ်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့ကြား မှန်ကန်စွာခွဲခြားနိုင်စေရန်တို့အတွက် ဥပဒေကြောင်းအရသာမက ကောင်းမွန်သော ကိုယ်ကျင့်တရားထွန်းကားရေး နည်းလမ်းများအရပါ ဆောင်ရွက်သွားမည် ဖြစ်သည့်အပြင် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ သတင်းမီဒီယာများ၊ ပြည်သူလူထုအားလုံးနှင့် ပူးပေါင်း၍ အဂတိကင်းစင်သည့် အသိုက်အဝန်းတစ်ခုဖြစ်ပေါ်လာစေရေး ရည်မှန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

စစ်အေး

ဥက္ကဋ္ဌ

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၂ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

# နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ

## ၂၀၂၄ ခုနှစ်




**"INTEGRITY is doing the right thing, even when no one is watching"**

**C.S.Lewis**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

ရုံးအမှတ် (၅၆)၊ ဇေယျဗ္ဗာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။

ဖုန်း၊ ၀၆၇-၈၁၀၃၃၄၇

Website www.accm.gov.mm

Facebook : ACC Myanmar

Email : accm@accm.gov.mm